ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီနှင့် Authentic Production Co., Ltd. တို့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Authentic Production Co., Ltd. အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးရွှေကြိုင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကုမ္ပဏီရှင်းလင်းဆောင်တွင် ဥက္ကဋ္ဌ ဦးရွှေကြိုင်က ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီကို ၁၉၉၉ ခုနှစ်မှစတင်၍ မအူပင်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်တို့တွင် စတင်အခြေပြုခဲ့မှု၊ စတင်လုပ်ကိုင်စဉ် ရေနက်ကွင်း ရေိယာများသာဖြစ်သည့်အတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ကြေးမုံ

# ကူညီဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးအဖြာဖြာရရှိပိုင်ဆိုင်

မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခင်ကထက် ပိုမိုသာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်၊ မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး ကူညီဆောင်ရွက်ပေးသွားမည်ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အသိပေးပြောကြားထားသည်။

သဘာဝဘေးဒဏ်ခံခဲ့ရသည့် ဒေသများမှ ပြည်သူများအား မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြန်လည်ထူထောင်ပေးရာတွင် ရန်ပုံငွေ၊ အလှူငွေများသည် အဓိကကျသည့် အားများဖြစ်ပေသည်။ “ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်” နှင့်အညီ အင်အားအလွန်ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကို ပြည်သူများ ထိခိုက်ခံစားရသည့်အချိန်တွင် နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်၊ အလှူရှင်ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာ အားတက်သရော ချက်ချင်းလှူဒါန်းခဲ့ကြသည်။ မုန်တိုင်းဖြတ်ကျော်တိုက်ခတ်ခဲ့သည့် မေလ ၁၅ ရက်နေ့တွင် အလှူရှင်များက လှူဒါန်းသည့် အလှူငွေစုစုပေါင်းသည် ကျပ်သိန်းပေါင်း ၁၃၁၈၁၀ ရှိသည်။ မေလ ၂၀ ရက်နေ့ ထပ်မံလှူဒါန်းမှုများနှင့်ပေါင်းလျှင် (အခြားနေရာများမပါ) စုစုပေါင်း ဘီလီယံ ၂၀ ခန့်ရှိပြီဖြစ်သည်။

မြန်မာလူမျိုးတို့သည် ပင်ကိုစိတ်ရင်းအားဖြင့် စေတနာသဒ္ဓါတရားထက်သန်သူများ၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီဖေးမတတ်သူများဖြစ်သည်။ ယခုသဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာချိန်တွင် စေတနာသဒ္ဓါတရားထက်သန်ကြီးမားမှုနှင့် စာနာစိတ်၊ မေတ္တာစိတ်အရင်းခံတို့ကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ ယခုအခါ နိုင်ငံတကာက အကူအညီများ လာရောက်ပေးအပ်နေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံက ကူညီကယ်ဆယ်ရေးပစ္စည်းများကို သင်္ဘောများဖြင့် လာရောက်ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ တရုတ်နိုင်ငံကလည်း အရေးပေါ်အနေဖြင့် နယ်စပ်မှ စားသောက်ကုန်များကို ပေးပို့လျက်ရှိသည်။ ထိုင်းနိုင်ငံကလည်း အကူအညီအထောက်အပံ့များ ပေးပို့လာမည်ဖြစ်သည်။ အလားတူ အာဆီယံက ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့သွားမည်ဖြစ်ပြီး အခြားနိုင်ငံတကာကလည်း ကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဟုသိရသည်။

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသည့် အလှူငွေများနှင့် ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရအောင် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ နိုင်ငံအတွက် အရေးပေါ်လိုအပ်ချိန်တွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကူညီဆောင်ရွက်ပေးမှုများသည် ဘေးဒုက္ခရောက်ရှိနေသူများအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ခြင်းကိုဖြစ်စေသဖြင့် လှူဒါန်းမှုအကျိုးများ များစွာရရှိမည်ဖြစ်သည်။ လှူဒါန်းမှုများပြုကြရာတွင် အလှူငွေ၊ အသုံးအဆောင် စသည့်လှူဖွယ်ဝတ္ထုပစ္စည်းများသည် “ဝတ္ထုဒါန”၊ ထိုအလှူဒါနနှင့်စပ်လျဉ်း၍ အလှူရှင်သန္တာန်၌ “စေတနာဒါန” တို့ဖြစ်စေသည်။ အလှူရှင်တို့သည် မလှူမီရှေ့ပိုင်းကာလ၌ ထိုအလှူနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်သော “ပုဗ္ဗစေတနာ”၊ အလှူပေးဆဲကာလ၌ ဖြစ်ပေါ်သော “မုဉ္စစေတနာ”၊ လှူပြီးနောက်ပိုင်းကာလ၌ ဖြစ်ပေါ်သော “ပရစေတနာ” ဤစေတနာသုံးတန်ဖြင့် လှူဒါန်းခဲ့ကြသောကြောင့် အကျိုးပေးထက်သန်မည်ဖြစ်သည်။

သူတော်ကောင်း အမျိုးကောင်းသားတို့သည် သဒ္ဓါဒါန၊ သက္ကစ္စဒါန၊ ကာလဒါန၊ အနုဂ္ဂဟိတဒါန၊ အနုပဟစ္စဒါနဟူသည့် ဒါနငါးမျိုးဖြင့် လှူဒါန်းခဲ့ကြသည်။ ကံ ကံ၏ အကျိုးကို ယုံကြည်သည့် သဒ္ဓါဒါန၊ လှူဒါန်းဖွယ်ရာများကို ကောင်းမွန်စွာပြုလုပ်ပြီး တလေးတစားလှူဒါန်းခြင်း သက္ကစ္စဒါန၊ လှူဒါန်းဖွယ်ရာတို့ကို အချိန်ကာလနှင့် လျော်ညီစွာ လှူဒါန်းခြင်းကာလဒါန၊ အလှူခံအား ချီးမြှောက်လို၍ လှူဒါန်းခြင်း အနုဂ္ဂဟိတဒါန၊ မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း မငြိစွန်း မထိခိုက်စေဘဲလှူဒါန်းခြင်း အနုပဟစ္စဒါန ဤငါးပါးနှင့်အညီ လှူဒါန်းခဲ့ကြသည်။ အလှူခံပုဂ္ဂိုလ်တို့ လိုအပ်နေချိန်တွင် ဖြည့်ပေးခြင်းကိုရောက်သဖြင့် နှစ်ဦးနှစ်ဝ အကျိုးပေးထက်သန်မည်ဖြစ်၍ ထူးမြတ်သည့် ကြုံကြိုက်ခဲသော အလှူဒါနဖြစ်သည်။

ယခုအခါ မုန်တိုင်းဒဏ်သင့်ပြည်သူများအား မိုးမကျမီကာလအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခိုင်ခိုင်မာမာဖြစ်အောင် အလျင်အမြန် အားသွန်ခွန်စိုက်ဝိုင်းဝန်းဆောင်ရွက်နေပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များသည် အဓိကအားဖြစ်သလို ဘေးဒုက္ခရောက်ခဲ့ကြသူများအတွက်လည်း အားဖြစ်စေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွက်၊ ပြည်သူအတွက် မည်သည့်အကျိုးစီးပွားကိုမဆို အောင်မြင်အောင် ဖြည့်ဆည်းဆောင်ရွက်ရန် အသင့်ရှိသည်။ တိုင်းပြည်သာယာဝပြောပြီး နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှလုံးအေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ အကြောင်းကိစ္စရှိတိုင်း အားလုံးလက်တွဲပူးပေါင်း ကူညီဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးအဖြာဖြာတို့ကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တောပညာကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သဖြင့် ရာပြည့်အထိမ်းအမှတ် အခမ်းအနားအား ၂၀၂၃ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပပါမည်။


## ပြည်ထဲရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု ဆင့်ပွားသင်တန်းဖွင့်

မအူပင် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ပြည်ထဲရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု ဆင့်ပွားသင်တန်းကို မအူပင်ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မေ ၁၉ ရက် နံနက် ၉ နာရီက အမှတ်(၄) ရပ်ကွက်ရှိ ခရိုင် သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဧရာဝတီတိုင်း ဓမ္မစကူးလ်အတွင်းရေးမှူး မအူပင်မြို့ အိုင်ဝိုင်းကျေးရွာအုပ်စု သုခရိပ်ကျောင်းတိုက်ဆရာတော် ဦးကောသလ္လက အဖွင့်ဩဝါဒစကား မိန့်ကြားပြီး မအူပင်ခရိုင် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောသည်။ ယင်းနောက် သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား လက်ဆောင်ပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

သင်တန်းသို့ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၏ သားသမီးများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်အလုပ်အမှုဆောင်များ တွေ့ဆုံပွဲကို မေ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဒဂုံတောင်/ မြောက်လမ်းဆုံရှိ ရွှေပလ္လင်လက်ဖက်ရည်ဆိုင် (သီးသန့်ခန်းမ)၌ ပြုလုပ်ရာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အတွင်းရေးမှူး ဦးအောင်မျိုးသန့်၊ တွဲဖက်စာရင်းစစ် ဦးလှကြူ၊ ပြန်ကြားရေးမှူး ဦးဟန်သိန်းနှင့် ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွင့်အမှာစကား ပြောကြားစဉ်။ တင်ဝင်းတင်



**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Authentic Production Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးဟိန်းက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စက်ယန္တရားကြီးများဖြင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရမှု၊ စပါးစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ၂၀၀၂ ခုနှစ်မှ စတင်၍ ငါးမွေးမြူရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ခဲ့မှု၊ နှစ်စဉ် ငါးကန်ပြုပြင်ခြင်းနှင့် ငါးမွေးကန်များအတွင်း ရေကောင်းရေသန့်များ ရရှိနိုင်ရေး ရေဝင်ရေထွက်မှုများကို စနစ်တကျဆောင်ရွက်ထားရှိမှု၊ မူလစတင်ဆောင်ရွက်စဉ် ပြင်ပမှငါးသားပေါက်များကို ဝယ်ယူမွေးမြူခဲ့သော်လည်း ၂၀၀၅ ခုနှစ်မှစ၍ ကိုယ်ပိုင်ငါးသားဖောက်စခန်းများ တည်ထောင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ငါးသားဖောက်စခန်းမှ အရည်အသွေးမီ ရောဂါကင်းစင်သည့် ငါးမြစ်ချင်း၊ ငါးမှုန်ခွက် ၁၀၀၀၀ ခန့် ထုတ်လုပ်ပြီး မျိုးငါး သိန်း ၁၅၀ ခန့် ထည့်သွင်းမွေးမြူနိုင်ခဲ့ပြီးဖြစ်သည့် အခြေအနေများ၊ ၂၀၀၇ ခုနှစ်တွင် ငါးအစာတောင့်စက်ရုံ စတင်လည်ပတ်နိုင်ခဲ့ပြီး ကုန်ကြမ်းများဖြစ်သည့် ဖွဲနု၊ ငါးခြောက်မှုန့်၊ ဆန်ဖွဲနု အဖြူအဝါ၊ ပုစွန်ဖွဲ၊ ငါးဆီတို့ကို ဒေသခံတောင်သူလယ်သမားများထံမှ အဓိကဝယ်ယူ အသုံးပြုလျက်ရှိမှု၊ ထုတ်ကုန်များအတွက် လိုအပ်သည့် အအေးခန်းစက်ရုံများအပါအဝင် အခြေခံ အဆောက်အဦများ ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ အအေးခန်းစက်ရုံများမှတစ်ဆင့် ပြည်ပသို့ နှစ်စဉ်အေးခဲငါးများ တင်ပို့ရောင်းချပေးလျက်ရှိမှု၊ ငါးအကောင်လိုက် ထုတ်လုပ်ဖြန့်ဖြူးမှုမှ ၂၀၂၂ ခုနှစ်မှစတင်၍ ငါးခြစ်၊ ငါးချဉ်၊ ငါးအသားလုံး၊ ငါးငံပြာရည်၊ ငါးကြွင်းဆီ၊ ငါးမုန့်နှင့် အခြားငါးအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့မှု၊ ၂၀၁၈ ခုနှစ်မှစတင်၍ နွားမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး နွားနို့နှင့် နွားနို့ကို အခြေခံသည့် ထုတ်ကုန်များကို ဈေးကွက်သို့ ဖြန့်ဖြူးပေးနိုင်ခဲ့မှု၊ သဘာဝမြေဩဇာ ထုတ်လုပ်ရောင်းချနိုင်မှုနှင့် ဒေသခံများ၏အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီအတွင်း နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေး ကုမ္ပဏီအတွင်း အအေးခန်းစက်ရုံများမှ တန်ဖိုးမြှင့်ငါးထုတ်ကုန်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်။

## ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီအတွင်းလှည့်လည်၍ ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ နွားမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှု၊ ငါးအခြေခံသည့် ထုတ်ကုန်များထုတ်လုပ်နေမှု၊ အအေးခန်းစက်ရုံများမှ တန်ဖိုးမြှင့် ငါးထုတ်ကုန်များ ထုတ်လုပ်နေမှု၊ ရေညှိ၊ ရေမှော်ပင်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်မေးမြန်းဆွေးနွေးသည်။

- နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေပိုက်အမျိုးမျိုးကို ထုတ်လုပ်နိုင်ရန်လို
- ရေပိုက်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွင်းရှိ အဖိုးတန်ရေသယံဇာတများကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး လေလွင့်ဆုံးရှုံးမှုများ နည်းပါးစေမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပင်ကို အမှတ်တရ စိုက်ပျိုးပေးပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့ကလည်း ယုဇနပင်များကို အမှတ်တရ စိုက်ပျိုးပေးကြကာ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Authentic Production Co., Ltd. သို့ ရောက်ရှိရာ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးဟိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကုမ္ပဏီအစည်းအဝေးခန်းမတွင် ဦးအောင်မျိုးဟိန်းက ကုမ္ပဏီသမိုင်းအကျဉ်းနှင့် စက်ရုံမှ HDPE၊ DWC၊ PVC စသည့် ပိုက်အမျိုးမျိုးကို ဆိုဒ်မျိုးစုံထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ဖြန့်ဖြူးလျက်ရှိမှု၊ ရေတိုင်ကီများ၊ မိလ္လာကန်များ၊ Road Block များ၊ ဟိုတယ်သုံး အညစ်အကြေးစစ်ထုတ်သည့်ပစ္စည်း၊ ပိုက်ဆက်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ ကုမ္ပဏီမှ ထုတ်လုပ်သည့် ပိုက်လိုင်းများကို စီမံကိန်းအသီးသီးတွင် အသုံးပြုလျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား(သန်လျင် တံတားအမှတ်-၃)တည်ဆောက်ရေးစီမံကိန်းနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စီမံကိန်း စတင်ဖြစ်ပေါ်လာပုံနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းကို အပိုင်းလိုက်ခွဲ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် တံတားတည်ဆောက်ပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ စီမံကိန်းတွင် ခေတ်မီတံတားတည်ဆောက်ရေး နည်းပညာများနှင့် အတွေ့အကြုံကို ရရှိနိုင်မှု၊ စီမံကိန်းလုပ်ငန်း အဆင့်ဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီမံကိန်းတွင် အသုံးပြုသည့် သံနှင့် သံမဏိပစ္စည်းများ ဆားငန်ရေဒဏ်ခံနိုင်စေရေးနှင့် စံချိန်စံညွှန်းကိုက်ညီစေရေး စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ စီမံကိန်း အပိုင်းအလိုက် ဆောင်ရွက်၍ ရသည့်လုပ်ငန်းများကို ကြိုတင်ပြီးစီးအောင် ဆောင်ရွက်ပြီး စီမံကိန်းတစ်ခုလုံး သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စာမျက်နှာ ၅ သို့ ★**

**☆ စာမျက်နှာ ၃ မှ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်ကုန်ပစ္စည်းများအပေါ် ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေပိုက်အမျိုးမျိုးကို ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ရေပိုက်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွင်းရှိ အဖိုးတန်ရေသယံဇာတများကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး လေလွင့်ဆုံးရှုံးမှုများ နည်းပါးစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေအသုံးပြုမှုကို ပိုက်စနစ်၊ ပန့်စနစ်များဖြင့် စနစ်တကျအသုံးပြုမည်ဆိုပါက ရေကို ထိထိရောက်ရောက် အသုံးချနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး အခြားသိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Authentic Production Co.,Ltd အတွင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

★ စာမျက်နှာ ၄ မှ

အဆိုပါ ပဲခူးမြစ်ကူးတံတား (သန်လျင် တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်း တစ်ခုလုံးပြီးစီးပါက သံလွင်တံတား အမှတ်-၁ တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့ အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များ ဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် သန်လျင်ဒေသဖွံ့ဖြိုးတိုးတက်လာမည်သာမက အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးကို အသုံးပြု၍ ဘားအံ-မြဝတီအထိ ဆက်စပ်သွားလာနိုင်မည်ဖြစ်သောကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုမည်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ဆက်သွယ်မှုပိုမိုဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာဖြင့် ဆောက်လုပ်သည့် တံတားဖြစ်သည့်အတွက် မြန်မာအင်ဂျင်နီယာများအနေဖြင့် တံတားတည်ဆောက်ခြင်း ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများ ရရှိနိုင်ပြီး ကျွမ်းကျင်လုပ်သားများလည်း ပေါ်ထွက်လာမည်ဖြစ်သည့် အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိစေမည်ဖြစ်သည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်ဖောက်လုပ်မည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံတားတည်ဆောက်ရေးစီမံကိန်းဖြစ်ပေါ်လာပုံနှင့် စီမံကိန်းပြီးစီးပါကရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ တံတား၏ အဓိကကျသည့် ရေလယ်တာဝါတိုင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းအပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီမံကိန်း လုပ်ငန်းများအတွက် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများအားလုံး အသင့်ရရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ တံတားတွဲဆက်ခြင်းလုပ်ငန်းများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ယခုစီမံကိန်း ချဉ်းကပ်လမ်းဧရိယာသည် လူနေအိမ်များနှင့် နီးကပ်စွာ တည်ရှိနေသဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ငလျင်ဒဏ်ခံနိုင်ရေးကို စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန် အထူးအလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ကြိုတင်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားရန် လိုကြောင်း၊ တံတားတည်ဆောက်မှု စီမံကိန်းကာလ ကြာမြင့်သည်နှင့်အမျှ လမ်းကြောင်းပိတ်ဆို့မှုများသည်လည်း ဖြစ်ပေါ်နေမည်ဖြစ်သဖြင့် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပဲခူးမြစ်ကူးတံတား (သန်လျင် တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းတို့တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂါရဝပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး စီမံကိန်းရှိ ရန်ကုန်ဘက်ခြမ်း Main Bridge Pylon 2 နေရာတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တံတားစီမံကိန်း တစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ရန်ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable – Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ် (Landmark) တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းရှိ ရန်ကုန်ဘက်ခြမ်း Main Bridge Pylon 2 နေရာတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

☆ **စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများအားလုံး အသင့်ရရှိအောင်ဆောင်ရွက်၊ တံတားတွဲဆက်ခြင်းလုပ်ငန်းများ စနစ်တကျဖြစ်ရန်လို**

☆ **ယခုစီမံကိန်း ချဉ်းကပ်လမ်းဧရိယာသည် လူနေအိမ်များနှင့် နီးကပ်စွာ တည်ရှိနေသဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ငလျင်ဒဏ်ခံနိုင်ရေးကို စနစ်တကျ တွက်ချက်ဆောင်ရွက်**

☆ **စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ကြိုတင်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ ဆရာတော် သံဃာတော်များအတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများ ပုဏ္ဏားကျွန်းမြို့ မြို့မပရိယတ္တိကျောင်းတိုက်၌ ဆေးကုသနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့

## ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိ

**စစ်တွေ မေ ၂၁**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သော တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်၊ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ရွှေစေတီကျောင်းတိုက်၊ ပညာလင်္ကာရကျောင်းတိုက်နှင့် မြို့မပရိယတ္တိ စာသင်တိုက်တို့သို့ သွားရောက်ပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ သွားရောက်လှူဒါန်းစဉ် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများအား ပြုပြင်ရန်နှင့် ပြန်လည်ထူထောင်ရန် ဆောင်ရွက်နေမှုများကို လျှောက်ထားပြီး ကျောင်းတိုက်များအတွင်း အပျက်အစီးများကို လှည့်လည်ကြည့်ရှုကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား၍ အမြန်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးစီးအဖွဲ့သည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်၍ ရောက်ရှိလာသော စစ်ရေယာဉ်ပြည်တော်အေး (၂)သို့ ရောက်ရှိကာ ပစ္စည်းများ ချယူသယ်ဆောင်မှုကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေး ဆောင်ရွက်နေသူများအား တွေ့ဆုံအားပေးသည်။ ၎င်းစစ်ရေယာဉ်ဖြင့် ဆန်အိတ် ၁၂၅၀၊ သွပ်ပြား အချပ် ၈၀၀ နှင့် လက်ကိုင်လွှစက်များအပါအဝင် ထောက်ပံ့ရေးပစ္စည်းများပါဝင်ပြီး ၎င်းတို့ထဲမှ ရသေ့တောင်မြို့နှင့် မောင်တောမြို့တို့သို့ ဆန်အိတ် ၂၅၄၀ ကို ရေယာဉ်ရွှေ့ပြောင်း တင်ဆောင်နေခြင်းအား ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပုဏ္ဏားကျွန်းမြို့သို့ ဆက်လက်ထွက်ခွာပြီး မြို့မပရိယတ္တိကျောင်းတိုက်တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းဆေးကုသနေမှုကို ကြည့်ရှုသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် ဆေးကုသရန် ရောက်ရှိနေသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ဆက်လက်၍ ဆေးကုသမှုခံယူရန် ရောက်ရှိလာသော ပြည်သူများအတွက် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ခဲ့သည်။

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ပုဏ္ဏားကျွန်း)သို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ ညှိရိပ်သာ၌ စစ်တွေမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**နေ့စဉ်ဖြန့်ဝေလျက်ရှိ**

တွေ့ဆုံစဉ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်မှုကို အနီးကပ်ကြီးကြပ်ရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းမစတင်မီကပင် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းအလွန် မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ထောက်ပံ့နိုင်ရန် တပ်မတော်လေယာဉ်၊ ရေယာဉ်များဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်၍ လိုအပ်သည့်ဒေသများသို့ နေ့စဉ် ဖြန့်ဝေလျက်ရှိကြောင်း၊ ယင်းသို့ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် အမှန်တကယ်လိုအပ်နေသည့် နေရာများသို့ အလေအလွင့် မရှိစေဘဲ အချိန်မီရောက်ရှိစေရေးနှင့် စနစ်တကျလက်ဝယ် ရောက်ရှိစေရေးအတွက် တပ်မတော်အရာရှိကြီးများကို မြို့နယ်အလိုက် တာဝန်ပေးအပ်ပြီး စိစစ်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် မုန်တိုင်းဒဏ်သင့် ဒေသများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလှူရှင်များကလည်း ဝိုင်းဝန်းလှူဒါန်းမှုများရှိကြောင်း၊ မုန်တိုင်းအလွန်ကာလတွင် စားရေရိက္ခာဖူလုံစေရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေး၊ ဆေးရုံနှင့်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးစားပေးပြုပြင်ရန် သတ်မှတ်ထားသည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ သာသနိက အဆောက်အအုံများ ပြုပြင်ခြင်း၊ စစ်တွေမြို့ပေါ်ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလိုင်းများ အမြန်ဆုံး ပြန်လည်ရရှိစေရေးကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါက မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်သင့် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးခဲ့သည့် ဒေသများ ပြန်လည် သန့်ရှင်းသာယာလှပစေရေးအတွက် ပူးပေါင်းအဖွဲ့များ စုဖွဲ့၍

**စာမျက်နှာ ၇ သို့** ■

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် ရသေ့တောင်မြို့များသို့သွားရောက်၍ တပ်မတော်သားများနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၁**

မေ ၁၄ ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများသည် မေ ၂၀ ရက်တွင် သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**အားပေးစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများက မြောက်ဦးမြို့သို့ ရောက်ရှိပြီး မြောက်ဦးတပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ အားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ပဲစသည့် အခြေခံ စားသောက်ကုန်ပစ္စည်းများ၊ အဆောက်အအုံသုံးပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေကောင်းရေသန့်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မင်းပြားမြို့သို့ သွားရောက်ကာ မင်းပြားတပ်နယ်ရှိ တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် နယ်မြေခံရဲတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ပဲ စသည့် အခြေခံ စားသောက်ကုန် ပစ္စည်းများ၊ အဆောက်အအုံသုံး ပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေကောင်းရေသန့်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ရသေ့တောင်မြို့နယ်သို့ ရောက်ရှိပြီး ရသေ့တောင်တပ်နယ်ရှိ တပ်ရင်း/ တပ်ဖွဲ့ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ပဲ စသည့် အခြေခံ စားသောက်ကုန်ပစ္စည်းများ၊ အဆောက်အအုံသုံးပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေကောင်းရေသန့် ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

ဆက်လက်၍ စစ်တွေမြို့သို့ ရောက်ရှိကာ စစ်တွေတပ်နယ်အတွင်းရှိ တပ်ရင်း/ တပ်ဖွဲ့များမှ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ကျရောက်ခဲ့ပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြပြီးနောက် နယ်မြေခံရဲတပ်ရင်းသို့ သွားရောက်ခဲ့ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ဆန်၊ ဆီ၊ ပဲ စသည့် အခြေခံ စားသောက်ကုန် ပစ္စည်းများ၊ အဆောက်အအုံသုံး ပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေကောင်းရေသန့်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိကာ နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားလည်းကောင်း၊ မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားလည်းကောင်း၊ ကျောက်တော်မြို့နယ်ရှိကျောက်တော်တပ်နယ်မှ တပ်ရင်း/တပ်ဖွဲ့ရှိအရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား လည်းကောင်း၊ ကျောက်ဖြူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားလည်းကောင်း တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ဆန်၊ ဆီ၊ ပဲ စသည့် အခြေခံ စားသောက်ကုန် ပစ္စည်းများ၊ အဆောက်အအုံသုံး ပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေကောင်းရေသန့်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကာ စစ်တွေတပ်နယ်အတွင်းရှိ တပ်ရင်း/ တပ်ဖွဲ့များမှ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ကျရောက်ခဲ့ပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြပြီးနောက် နယ်မြေခံရဲတပ်ရင်းသို့ သွားရောက်ခဲ့ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ဆန်၊ ဆီ၊ ပဲ စသည့် အခြေခံ စားသောက်ကုန် ပစ္စည်းများ၊ အဆောက်အအုံသုံး ပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေကောင်းရေသန့်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိလျက်ရှိသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ အားပေးစကား ပြောကြားခဲ့ပြီး ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ရခိုင်ပြည်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်စဉ်။

---

■ **စာမျက်နှာ ၆ မှ**

ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မုန်တိုင်း မဝင်ရောက်မီ ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မုန်တိုင်းအလွန် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် စားရေရိက္ခာ လုံလောက်စေရေး ဖြည့်တင်းဆောင်ရွက်နေမှု၊ ကူညီထောက်ပံ့ရေးပစ္စည်းများ အမှန်တကယ်လိုအပ်သည့်ဒေသများသို့ စနစ်တကျစိစစ်၍ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် စစ်တွေမြို့ မြို့မိမြို့ဖများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ကျွမ်းကျင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြသည်။

**ဦးစားပေးပြုပြင်**

အစည်းအဝေးတွင် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ်မဖြစ်စေရန် သတ်မှတ်ကုန်ချိန်အတိုင်း တင်ဆောင်ရေး၊ ထောက်ပံ့ရေးပစ္စည်းများ သတ်မှတ်ဒေသများသို့ အမြန်ဆုံးရောက်ရှိအောင် စနစ်တကျ စီမံဆောင်ရွက်သွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထူးကုဆရာဝန်ကြီးများ စေလွှတ်သည့် ဒေသအလိုက် စောင့်ရှောက်မှုပေးနိုင်မှု အခြေအနေများကို အချိန်နှင့် တစ်ပြေးညီ တင်ပြသွားရေး၊ တည်ဆောက်ရေးပစ္စည်းများကို ဦးစားပေး ပြုပြင်ရမည့် အခြေအနေအလိုက် အစီအစဉ်တကျ ထောက်ပံ့သွားရေးတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# မြောင်းမြမြို့နယ် စစ်တန့်ဦး အောင်ပွဲရစေတီတော်မြတ်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



မြောင်းမြ မေ ၂၁

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့နယ် ကုန်းသာကျေးရွာရှိ စစ်တန့်ဦး အောင်ပွဲရစေတီတော်မြတ်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မြောင်းမြမြို့ ဇေယျာမေဒနီ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒဝရ မဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူပြီး ဘုရားဒါယကာ ဒါယိကာမ၊ စေတနာရှင်၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧည့်ပရိသတ်များ ဆရာတော် ဘဒ္ဒန္တစန္ဒဝရ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

ယင်းနောက် ဘုရားဒါယကာ ဒါယိကာမများနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို ပင့်ဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းတို့ဖြင့် စေတီတော်အား လက်ယာရစ် သုံးကြိမ်လှည့်လည် ပင့်ဆောင်ပူဇော်ပြီး မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရွှေထီးတော် တင်လှူပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် အဖွဲ့ဝင်များ ဆရာတော်၊ သံဃာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစရှိ ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။


၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |
















အမျိုးသားသဘာဝ
ဘေးအန္တရာယ်ဆိုင်ရာ
စီမံခန့်ခွဲမှုကော်မတီ

# ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၃)၏ သရုပ်ပြတရားခွင်ပြုလုပ်ဆောင်ရွက်



**နေပြည်တော် မေ ၂၁**

ဥပဒေရေးရာ ဝန်ကြီးဌာန ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ်(၁/၂၀၂၃)၏ သရုပ်ပြတရားခွင်ကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး သရုပ်ပြတရားခွင်သို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ပြီး သင်တန်းသားသင်တန်းသူ၁၀၀တက်ရောက်ကြသည်။

**အထောက်အကူဖြစ်**

သရုပ်ပြတရားခွင်သို့ တက်ရောက်ချီးမြှင့်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက သရုပ်ပြတရားခွင်သည် ဥပဒေအရာရှိများ လက်တွေ့လုပ်ငန်းခွင်၌ အမှုလိုက်ပါ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်စေရန်နှင့် သင်တန်းကာလတစ်လျှောက် ပို့ချခဲ့သည့် တရားစွဲနှင့် အမှုလိုက်ပညာရပ်များကို လက်တွေ့လုပ်ငန်းတွင် မည်ကဲ့သို့ ပြန်လည်အသုံးချရသည်ကို သရုပ်ပြသခြင်းဖြစ်ကြောင်း၊ သင်တန်းပို့ချချက်များနှင့် သရုပ်ပြတရားခွင် လေ့လာဆောင်ရွက်ခြင်းတို့မှ ရရှိသည့် အတွေ့အကြုံများသည် လက်တွေ့လုပ်ငန်း ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်မည် မျှော်လင့်ပါကြောင်း၊ သရုပ်ပြသဆောင်ရွက်ပေးကြသည့် တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနမှ ဥပဒေအရာရှိများကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဥပဒေရေးရာ ဝန်ကြီးဌာနတွင် ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင် သင်တန်း အမှတ်စဉ် (၁/၂၀၂၃)ကို သင်တန်းသား သင်တန်းသူ ၁၀၀ ဖြင့်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ သင်တန်းတွင် သင်ကြားပို့ချခဲ့ပြီးဖြစ်သည့် ဥပဒေပညာရပ်များကို လက်တွေ့အသုံးချဆောင်ရွက်ပုံများ သိရှိလေ့လာနိုင်စေရန်နှင့် သင်တန်းသားများ တရားခွင်အတွေ့အကြုံရရှိစေရန်ရည်ရွယ်၍ သရုပ်ပြတရားခွင်ကို ဥပဒေရေးရာဝန်ကြီးဌာန တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနမှ အတွေ့အကြုံရင့်ကျက်သည့် ဥပဒေအရာရှိကြီးများက ကိုယ်တိုင်ပါဝင် သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

**ဆက်လက်ပြုလုပ်မည်**

ယနေ့ကျင်းပသည့် သရုပ်ပြတရားခွင်ကို ကြည့်ရှုလေ့လာပြီးနောက် ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်) သင်တန်းသား သင်တန်းသူများကိုယ်တိုင် ပါဝင်သည့် သရုပ်ပြ တရားခွင်များကို ဆက်လက်ပြုလုပ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ် စကြေ့ာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ရောရွှေပြည်ကျောင်းဆောင်သစ်အပ်နှံပွဲ ကျင်းပ



**ညောင်တုန်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စကြေ့ာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ရောရွှေပြည်ကျောင်းဆောင်သစ် အပ်နှံပွဲသို့ တက်ရောက်ခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရောရွှေပြည်ကျောင်းဆောင်သစ် အပ်နှင်းခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းဆောင်သစ်ခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် New May 9 Construction Co.,Ltd. က ကျောင်းဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ရာ ကျောင်းအကျိုးဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုန်းပင်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိ၍ ယာယီကျောင်းဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်ဆက်)**

# မွန်ပြည်နယ်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



**မော်လမြိုင် မေ ၂၁**

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၃)ကို မေ ၁၈ ရက်က မော်လမြိုင်မြို့ ယဉ်ကျေးမှုပြတိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က အဖွင့်အမှာစကား ပြောကြားရာတွင် မွန်ပြည်နယ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းကောက်ယူခြင်းလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် လုပ်ငန်းကော်မတီ အသစ်ပြန်လည် ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုလုပ်ငန်းများကို အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်မှသည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအထိ ဝင်နိုင်ရေးကို သက်ဆိုင်ရာကော်မတီအလိုက် ကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးကော်မတီ ပြင်ပပညာရှင် ဒေါက်တာဒေါ်ကြင်စွမ်က ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မော်လမြိုင်ဌာနခွဲ) ပြည်နယ်ဦးစီးမှူး ဦးအောင်နိုင်မိုးက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး ကျင်းပရသည့် အကြောင်းအရာများနှင့် မွန်ပြည်နယ်အတွင်းရှိ ဆောင်ရွက်ပြီးစီးခဲ့သော ဒြပ်မဲ့ယဉ်ကျေးမှုများကို ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာကြသော ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မွန်ပြည်နယ်အတွင်း ဒြပ်မဲ့ယဉ်ကျေးမှုနှင့် ပတ်သက်၍ သတ်မှတ်အသိုက်အဝန်း နယ်ပယ်အလိုက် ခေါင်းစဉ် ၃၀၆ ခုရှိပြီး ၎င်းတို့ထံမှ ခေါင်းစဉ်အခု ၅၀ ကို ကွင်းဆင်း စာရင်းကောက်ယူမှတ်တမ်းတင်ထားပြီး ဖြစ်ကြောင်း၊ ပန်းတင်ခုံဖြင့် ပန်းထိုးပူဇော်သောဓလေ့နှင့် မိကျောင်းတူရိယာ တီးခတ်နည်း ခေါင်းစဉ်နှစ်မျိုးကို ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်တင်သွင်းနိုင်ရန် ပြည်ထောင်စုအဆင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီသို့ တင်ပြထားကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပေါင် မေ ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ်၏ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က နတ်ကြီးချောင်ကျေးရွာ နတ်ကြီးချောင်တိုက်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးတို့က စိုက်ပျိုးမည့်အပင်များကို ပေးအပ်ရာ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက လက်ခံရယူပြီး သတ်မှတ်နေရာတို့၌ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်းရှား ပျိုးပင်ပေါင်း ၃၀၀ ကျော်တို့ကို စနစ်တကျ စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် မေ ၁၅ ရက်မှစတင်၍ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက မြို့နယ်အဆင့်မှ ကျေးလက်ဒေသအထိ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်**

ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သည့် နယ်လှည့်အထူးကုဆေးအဖွဲ့သည်ယနေ့တွင် မုန်တိုင်းသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ပုဏ္ဏားကျွန်းမြို့သို့ သွားရောက်သည်။ ယင်းနယ်လှည့်အထူးကု ဆေးအဖွဲ့တွင် ဆေးကုသမှုပါရဂူတစ်ဦး၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးတစ်ဦး၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးတစ်ဦး၊ ကလေးအထူးကု ဆရာဝန်ကြီးတစ်ဦး၊ မျက်စိအထူးကုဆရာဝန်ကြီး တစ်ဦး၊ အရိုးအထူးကု ဆရာဝန်ကြီး တစ်ဦး၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးတစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦးတို့ ပါဝင်ပြီး တိုင်းရင်းဆေးသမားတော်များလည်း ပါဝင်ကာ ပုဏ္ဏားကျွန်းမြို့ (မြို့မပရဟိတ) ဘုန်းတော်ကြီးကျောင်းတွင်အခြေပြုကာ ဒေသခံပြည်သူ ၃၂၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆေးကုသပေးနေမှုများကို ဒုတိယဝန်ကြီးချုပ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့လာရောက်ကြည့်ရှုအားပေးသည်။

**ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်**

အလားတူ ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့မှ ခွဲစိတ်ဆရာဝန် ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ဘူးသီးတောင်မြို့နယ် တပ်ရာကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူ ၄၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသည်။

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်**

ထို့အတူ ပြည်သူ့ဆေးရုံ မောင်တောမြို့မှ အထူးကုဆရာဝန် ခြောက်ဦးပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင်မောင်တောမြို့နယ် အင်းဒင်၊ ကျောက်ပန္ဒူနှင့် အောင်သုခရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

**မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းတိုက်နယ်**

အလားတူ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးကြပ်ပံ့ပိုး



စလင်းမြို့နယ် ဆင်ဖြူကျွန်းတိုက်နယ်တွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

လျက် ဆေးတက္ကသိုလ်-မကွေး ပါမောက္ခချုပ်နှင့် ပြည်သူ့ဆေးရုံကြီး မကွေးမြို့မှ ဆေးရုံအုပ်ကြီးတို့ ဦးဆောင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် စလင်းမြို့နယ် ဆင်ဖြူကျွန်းတိုက်နယ်ရှိ မြို့မအမကကျောင်းနှင့် ကညွှပ်ကျေးရွာတို့၌ အခြေပြု၍လည်းကောင်း အခြေခံကျန်းမာရေး တက္ကသိုလ်-မကွေး ပါမောက္ခချုပ်နှင့် ပြည်သူ့ဆေးရုံကြီး-မင်းဘူးမြို့မှ ဆေးရုံအုပ်ကြီး ဦးဆောင်သည့် အထူးကုဆေးအဖွဲ့သည် စလင်းမြို့နယ်ရှိ သရက်ချဉ်ကျေးရွာ၌ အခြေပြု၍လည်းကောင်း ကွင်းဆင်း ဆေးကုသမှုဆောင်ရွက်ခဲ့ရာ မြို့မအမကကျောင်း၌ ဒေသခံ ပြည်သူ ၄၈၉ ဦး၊ ကညွှပ်ကျေးရွာ၌ ဒေသခံပြည်သူ ၁၂၉ ဦး၊ သရက်ချဉ်ကျေးရွာ၌ ၂၃၉ ဦး စုစုပေါင်း ၈၅၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည်။

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်**

အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ပြည်သူ့ဆေးရုံကြီး ညောင်ဦးမြို့မှ ဆေးရုံအုပ်ကြီးတို့ ဦးဆောင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည်ယနေ့တွင် ညောင်ဦးမြို့နယ် အမှတ်(၇)ဝက်ကြီးအင်းရပ်ကွက် နဂါးကျစ်ဘိုးဘွားရိပ်သာတွင် အခြေပြု၍ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူ၁၃၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆက်လက်၍ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များသည် ဆိုင်ကလုန်းမုန်တိုင်းမိုခါဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များနှင့် မုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် ဒေသများသို့ နယ်လှည့်ဆေးကုသမှုများ သွားရောက်ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင်ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဒဏ်ကြောင့် ရေစိုပျက်စီးခဲ့သည့် ကာကွယ်ဆေးထားသိုသည့် ရေခဲသေတ္တာများကို ရန်ကုန်မြို့မှအင်ဂျင်နီယာများ ချက်ချင်း စေလွှတ်၍ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ ပြည်နယ် ဆေးသိုလှောင်ခန်းတွင်ထားရှိသော ကာကွယ်ဆေးများအအေးလမ်းကြောင်းမပျက်စေရန်ထိန်းသိမ်းခြင်းတို့ကိုကြိုးပမ်းဆောင်ရွက်ခဲ့ရာ မေ၂၀ ရက်တွင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးစီး၍ ကာကွယ်ဆေးများ ပျက်စီးဆုံးရှုံးခြင်းမရှိဘဲ လိုအပ်သောနေရာများသို့ ကာကွယ်ဆေးများ ပြန်လည်ဖြန့်ဝေရန် အသင့်ဖြစ်နေကြောင်း သိရသည်။

**သတင်းစဉ်**



ပုဏ္ဏားကျွန်းမြို့ မုန်တိုင်းသင့်ပြည်သူများအား နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။




ဘူးသီးတောင်မြို့နယ်တွင် မုန်တိုင်းသင့်ပြည်သူများအား နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။



ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ရေစိုပျက်စီးခဲ့သည့် ကာကွယ်ဆေးထားသိုသည့် ရေခဲသေတ္တာများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအား တွေ့ရစဉ်။

# ဒုတိယဝန်ကြီး ဦးအေးကျော် မိုခါမုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် ပင်မဓာတ်အားခွဲရုံနှင့် တာဝါတိုင်များ အစားထိုးပြုပြင်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်း တာဝါတိုင်များ လဲပြိုပျက်စီးခဲ့သည်များ အစားထိုးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်နေမှုနှင့် အစားထိုးပြုပြင်ရမည့် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ပြီးစီးမှု၊ ပျက်စီးသွားသော တာဝါတိုင်များ၊ ကျောက်တိုင်များ၊ ဓာတ်အားလိုင်းကြိုးများ ရှင်းလင်းဖယ်ရှားနေမှု၊ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပုဏ္ဏားကျွန်း ရှေ့တန်းစခန်းသို့ ပစ္စည်းများရောက်ရှိမှု၊ တာဝါတိုင်များ ပြန်လည်တပ်ဆင်ခြင်းနှင့် ကြိုးဆွဲဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ်ရှိ တာဝါတိုင်အမှတ် (၄၂၄)နှင့်(၄၂၅) သို့ သွားရောက်၍ ပျက်စီးတာဝါတိုင်များ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပျက်စီးသွားသည့် ဖောင်ဒေးရှင်းများ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်းတွင် တာဝါတိုင်ပေါင်း ၄၄၈ တိုင်ရှိသည့်အနက် ပြိုကျပျက်စီးခဲ့သည့် တာဝါတိုင် ၁၂ တိုင်၊ တာဝါထိပ်ပိုင်း ပျက်စီးခဲ့သည့် နှစ်တိုင် စုစုပေါင်း ၁၄ တိုင် အစားထိုးပြုပြင်ခြင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း - စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်းတွင် ကွန်ကရစ်တိုင်ပေါင်း ၈၁၂ တိုင် ရှိသည့်အနက် ပြိုကျပျက်စီးခဲ့သော ၁၀၆ တိုင် ဦးစားပေးပြုပြင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံ ပြုပြင်ခြင်းလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ဓာတ်အားလိုင်းပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံးပြီးစီးနိုင်ရေး ဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့် ကျွမ်းကျင်လုပ်သားအင်အား ၅၆၇ ဦးတို့ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်အပြီး စစ်တွေမြို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့် ကြည့်ရှု



**စစ်တွေ မေ ၂၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခဒေါက်တာမျိုးညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်ကြက်ခြေနီသိုလှောင်ရုံ အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (စစ်တွေရုံးခွဲ) ရုံးခွဲတာဝန်ခံ Mr. Yannis KHEMIRI နှင့် တာဝန်ရှိသူများကို တွေ့ဆုံပြီး ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်အပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် အသင်းဥက္ကဋ္ဌသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (စစ်တွေရုံးခွဲ) တာဝန်ခံနှင့်အတူ စစ်တွေမြို့နယ် ဆတ်ရိုးကျကျေးရွာတွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များက သောက်သုံးရေဖြန့်ဝေရာတွင် ကူညီဆောင်ရွက်ပေးနေမှုကို ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများကို အားပေးစကား ပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးတောပိုက်ဆိပ်ကျေးရွာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရွှေ့လျားကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား ပဏာမကျန်းမာရေးစောင့်ရှောက်မှု ပေးနေခြင်းများကို သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်ချက်များ မှာကြားသည်။

ထို့ပြင် အသင်းဥက္ကဋ္ဌသည် ယမန်နေ့ကလည်း စစ်တွေမြို့နယ်အတွင်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုခဲ့သည်။

**ဝင်းအောင်(ကြက်ခြေနီ)**

# ရှောင်မြို့နယ်ဘဏ်ခွဲက မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေး

**ရှောင် မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှောင်မြို့နယ်ဘဏ်ခွဲမှ ၂၀၂၃ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေများကို မေ ၁၈ ရက်မှစ၍ ကျေးရွာနှစ်အုပ်စုရှိ တောင်သူ ၄၈ဦး၊ စပါး ၁၅၆ ဧကအတွက် ငွေကျပ် ၂၃၄၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့သည်။ စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ ချည်မျှင်ရှည်ဝါ(အစေ့ထုတ်) ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံ ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် ငါးရာခိုင်နှုန်း ဖြစ်သည်။ ရှောင်မြို့နယ်ဘဏ်ခွဲအနေဖြင့် ၂၀၂၃ မိုးရာသီတွင် စပါး ဧက ၄၀၀၀ နှင့် အခြားသီးနှံဧက ၁၀၀၀ အတွက် ငွေကျပ်သိန်း ၇၀၀၀ ထုတ်ချေးပေးသွားရန် လျာထားကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## အားသစ်စို့လေ မြို့စစ်တွေ

☆ ချစ်ပန်းညို့ဝေ၊ မြို့စစ်တွေဟု
ကိုယ်တွေငယ်က၊ တင်စားရခဲ့
အလှသစ်စွ၊ မြမြစ်လှနှင့်
ကစ္ဆပနဒီ လှိုင်းခတ်သံ။
ပမာဂီတတေးသို့ညံ။

☆ အချစ်ဝေညို့၊ စစ်တွေမြို့ကို
ဖျက်ဖို့မုန်တိုင်း၊ ကဆုန်စိုင်းလျက်
အရိုင်းနာခါ၊ ဝင်ရောက်လာလည်း
တို့မှာစုစည်း၊ ပြင်ဆင်ပြီးပြီ
လှိုင်းကြီးလေ့အောက်၊ ပမာပျောက်အောင်
ချောက်ချားမဲ့ကင်း၊ တည်ငြိမ်ခြင်းဖြင့်
ပြည်တွင်းအားသာကိုးစားရာ။
အသင့်ရင်ဆိုင်ခဲ့သည်သာ။

☆ သဘာဝဘေး၊ လွတ်မြောက်ရေးကို
ရှောင်ပြေးခြင်းငှာ၊ ခွင့်မသာလည်း
တို့မှာပြည့်စုံ၊ အတွေ့အကြုံနှင့်
ကုန်စင်ကွက်ပြည့်၊ စီမံဘိသည့်
တိုင်းပြည့်ခေါင်းဆောင်၊ ပြည်ချစ်မောင်တို့
မရှောင်နေ့ည၊ စီမံပြလျက်
တက်ကြွပြည်ကျိုး၊ ထမ်းသယ်ပိုးသော်
အဆိုးထဲက အကောင်းရှာ။
ဆုံးရှုံးပျက်စီးနည်းပေစွ။

☆ ဩော်...ဓညဝတီ၊ မေဃဝတီ
ဒွါရာဝတီ၊ ရမ္မာဝတီ
ဝတီလေးရပ်၊ တွေးအမှတ်ဖြင့်
ချစ်မြတ်နိုးပေ၊ မြို့စစ်တွေရေ
ကြုံပေခဲ့ရ၊ မုန်တိုင်းညကို
ကင်းပဖြတ်ကျော်၊ ယနေ့သော်ကား
ချစ်ဖော်သွေးသား၊ ညီနောင်များက
သင့်အားဖေးမ၊ ဝိုင်းဝန်းကြပြီ
တက်ကြွမနေ့၊ ကူညီပေးပြီ
အရေးကြီးက၊ သွေးနီးကြပြီ
ဘာမျှစိတ်အား၊ ငယ်မသွားနှင့်
အများချစ်လို့နေ တို့မပစ်ပေ။
အားသစ်စို့လေ မြို့စစ်တွေ။
တိုင်းပြည့်မေတ္တာလွှမ်းခြုံနေ။
ရက်ခိုင့်မြေမှာ ပန်းတွေဝေ။ ။

**မြင်းမူမောင်နိုင်မိုး**

# ရုရှားဝန်ကြီးချုပ် မီခေးမီရှုစတင် လာမည့်သီတင်းပတ်တွင် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်

**မော်စကို မေ ၂၁**

ရုရှားဝန်ကြီးချုပ် မီခေးမီရှုစတင်က လာမည့် သီတင်းပတ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ် လီချန်းတို့နှင့် တွေ့ဆုံရန် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင်များက နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြမည်ဖြစ်ပြီး နှစ်နိုင်ငံ သဘောတူစာချုပ်များစွာကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံလက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ဘုံစိုးရိမ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။


မီခေးမီရှုစတင်၏ ခရီးစဉ်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေပြီး ပြည်သူအချင်းချင်း ဒေသတွင်း အပြန်အလှန်ဖလှယ်မှုများ ပိုမိုအားကောင်းလာစေရန်နှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အရှိန်အဟုန်ကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မီခေးမီရှုစတင်က ရှန်ဟိုင်းမြို့၌ကျင်းပမည့် တရုတ်-ရုရှား စီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်မတ်လတွင် တရုတ်သမ္မတရှီကျင့်ဖျင်က မြို့တော်မော်စကိုသို့ သွားရောက်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့သည်။

ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ (ဂျီ-၇) ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့၌ ကျင်းပလျက်ရှိစဉ် ရုရှားနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံစည်းလုံးညီညွတ်မှုကို အနောက်နိုင်ငံများအား ပြသခြင်းဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက မီခေးမီရှုစတင်၏ ခရီးစဉ်အပေါ် သုံးသပ်ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားဝန်ကြီးချုပ် မီခေးမီရှုစတင်တို့ ရုရှားနိုင်ငံ မော်စကိုမြို့၌ မတ် ၂၁ ရက်က တွေ့ဆုံစဉ်။

# အမေရိကန်နိုင်ငံ၌ ဆေးဝါးများ အလွန်အကျွံ မှီဝဲသုံးစွဲမှုကြောင့် ယမန်နှစ်အတွင်း သေဆုံးသူ တစ်သိန်းကျော်ရှိ

**ဝါရှင်တန် မေ ၂၁**

အမေရိကန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ဆေးဝါးများကို သုံးစွဲသင့်သည်ထက် ပိုမိုသုံးစွဲမှုကြောင့် သေဆုံးသူ တစ်သိန်းကျော်ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (CDC) က ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

ဆေးဝါးများလိုအပ်သည်ထက် ပိုမိုသုံးစွဲမှုကြောင့် သေဆုံးသူ အရေအတွက် ၁၀၉၆၈၀ ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်- ၁၉ ကပ်ရောဂါကာလအတွင်း ဆေးဝါးများ အလွန်အကျွံသုံးစွဲမှုကြောင့် သေဆုံးမှု မြင့်တက်လာခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် သေဆုံးမှုအရေအတွက်သည် ၂၀၁၉ ခုနှစ်တွင် ၇၁၀၀၀ မှ ၂၀၂၀ ပြည့်နှစ်တွင် ၉၀၀၀၀ ကျော်အထိ မြင့်တက်လာပြီး ၂၀၂၁ ခုနှစ်တွင် တစ်သိန်းအထိ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# အမေရိကန်နိုင်ငံ မွန်တာနာပြည်နယ်ရှိ တစ်တော့ခ်အသုံးပြုသူများက တစ်တော့ခ်အသုံးပြုမှု ပိတ်ပင်ခြင်းအတွက် ပြည်နယ်အစိုးရအဖွဲ့အား ပြန်လည်တရားစွဲမည်

**ဝါရှင်တန် မေ ၂၁**

အမေရိကန်နိုင်ငံ မွန်တာနာပြည်နယ်ရှိ တစ်တော့ခ် အသုံးပြုသူများက ပြည်နယ်အတွင်း တစ်တော့ခ်အသုံးပြုမှုကို တားမြစ်ပိတ်ပင်ခြင်းအတွက် ပြည်နယ်အစိုးရအဖွဲ့အား ပြန်လည်တရားစွဲဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တစ်တော့ခ်အသုံးပြုသူများ၏ အချက်အလက်များကို တရုတ်အစိုးရထံသို့ ပြန်လည်မျှဝေမည်ကို စိုးရိမ်သည့်အတွက် ပြည်နယ်အတွင်း တစ်တော့ခ်အက်ပလီကေးရှင်း အသုံးပြုမှုကို ပိတ်ပင်ရခြင်းဖြစ်ကြောင်း မွန်တာနာပြည်နယ်အုပ်ချုပ်ရေးမှူး ဂျက်ဂျီရန်ဖော့က ပြောကြားသည်။

အက်ပလီကေးရှင်းသုံးစွဲခြင်းဆိုင်ရာ ပိတ်ပင်မှုအစီအမံကို ဥပဒေတစ်ရပ်အဖြစ် မွန်တာနာပြည်နယ်အုပ်ချုပ်ရေးမှူး ဂျက်ဂျီရန်ဖော့က လက်မှတ်ရေးထိုးပြီးနောက် နာရီပိုင်းအကြာတွင် တစ်တော့ခ်အသုံးပြုသူ ငါးဦးက တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရားစွဲဆိုသူများတွင် အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင်နှင့် အင်တာနက်ပေါ်တွင် လူသိများသူတစ်ဦးတို့ ပါဝင်သည်။ အက်ပလီကေးရှင်းအသုံးပြုမှုကို ကန့်သတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွတ်လပ်စွာပြောဆိုခွင့်ရှိရမည်ဆိုသည့်အချက်ကို ချိုးဖောက်သည်ဟု ၎င်းတို့က ဆိုသည်။

တစ်တော့ခ်စီအီးအို ရှူးဇီချူးသည် သုံးစွဲသူများ၏ အချက်အလက်များကို တရုတ်အစိုးရထံသို့ မည်သည့်နည်းနှင့်မျှ ပေါက်ကြားခြင်း မရှိစေရပါကြောင်း အမေရိကန်ကွန်ဂရက်လွှတ်တော်ကော်မတီတွင် မတ်လက ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# သမ္မတဟောင်း အိုဘားမားအပါအဝင် အမေရိကန်နိုင်ငံသား ၅၀၀ အား ရုရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်တားမြစ်

**မော်စကို မေ ၂၁**

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံ သမ္မတဟောင်းတစ်ဦးဖြစ်သည့် ဘားရက်အိုဘားမားအပါအဝင် အမေရိကန်နိုင်ငံသား ၅၀၀ အား ရုရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်တားမြစ်လိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၉ ရက်မှာ အတိအလင်း ထုတ်ပြန်ကြေညာခဲ့သည်။

ရုရှားနိုင်ငံက အသစ်ထုတ်ပြန်ခဲ့သည့် အမည်ပျက်စာရင်းထဲတွင် ထင်ရှားသည့် ပုဂ္ဂိုလ်များ၊ အစိုးရတာဝန်ရှိသူများ၊ ဥပဒေပြုအမတ်များ၊ ကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် စစ်ဘက်-စက်မှုဘက်ဆိုင်ရာ ကုမ္ပဏီများမှ အကြီးအကဲများပါဝင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ရုရှားနိုင်ငံအား ဆန့်ကျင်သည့် ပိတ်ဆို့အရေးယူမှုများကို ထပ်ခါတလဲလဲချမှတ်ခဲ့ခြင်းကြောင့် အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားအပါအဝင် နိုင်ငံသား ၅၀၀ အား ရုရှားနိုင်ငံသို့ ခရီးသွားလာခွင့် ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံအပေါ် ရန်လိုသည့် အပြုအမူတိုင်းအား ပြင်းထန်သည့် တုံ့ပြန်မှုများဖြင့် ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း၊ ဝါရှင်တန်အနေဖြင့် သင်ခန်းစာယူရန် အချိန်တန်ပြီဖြစ်ကြောင်းလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**



# ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အီရန်နှင့် ရုရှားတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**တီဟီရန် မေ ၂၁**

အီရန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို မေ ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း အီရန်နိုင်ငံ၏ တရားဝင်သတင်းဌာနတစ်ခုဖြစ်သည့် IRNA သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအား ရုရှားနိုင်ငံ ကာဇန်မြို့၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် “Russia-Islamic world” ၏ ပြင်ပတွင် အီရန်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာနှင့် ခရီးသွားလာရေးဆိုင်ရာ ဒုတိယဝန်ကြီး ရှာဘာဖီယန်နှင့် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒုတိယဝန်ကြီး ဒီမီထရီ ဗာခရူကော့ဗ်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်းနားလည်မှု စာချွန်လွှာအရ အီရန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ၂၀၁၇ ခုနှစ်က ချုပ်ဆိုခဲ့သော နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်တစ်ရပ်အား ဆက်လက်အကောင်အထည်ဖော်ရေး ပူးပေါင်းဆောင်ရွက်ရန်လည်း ပါဝင်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# မုန်တိုင်းအလွန် စိတ်ခွန်အားများနှင့်အတူ . . .

မိုးကေနိုင်

ကြေကွဲဖွယ်ရာ နာဂစ်အလွန် ၁၂ နှစ်အကြာ ဆူနာမီထက်ပင် ဆိုးရွားခဲ့သော ၁၄၅ မိုင်နှုန်း နာဂစ်ကဲ့သို့ပင် အလွန့်အလွန်အားကောင်းသော တစ်နာရီ ၁၃၇ မိုင်နှုန်း မိုခါ ဆိုင်ကလုန်းဒဏ်ကို မြန်မာပြည်သူတို့ ရှောင်လွှဲမရ ရင်ဆိုင်ကြုံခဲ့ရပြန်ပါပြီ။ ကြိုတင်မြော်တွေး၊ ကြိုတင်ပြင်ဆင်၊ အလျင်မြန်ဆုံးတုံ့ပြန်မှုများက အနည်းဆုံးသောထိခိုက်မှုကိုသာ ဖြစ်စေခဲ့သည်ဟု ဆိုရမည်။ ယခုအခါမူ ပြည်တွင်းအင်အား၊ ပြည့်အင်အားဖြင့် မူလအခြေအနေထက် ပိုကောင်းလာမည့် ယုံကြည်ချက်၊ မျှော်လင့်ချက်များကား ပြန်လည်နိုးထလာပေပြီ။

**မလွဲမသွေကြုံရသည့် ထိခိုက်မှုနှင့် နောက်ဆက်တွဲပြဿနာများကို ရင်ဆိုင်ဖြေရှင်းရန်သာရှိ**

လယ်ယာစိုက်ပျိုး၊ ငါးဖမ်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းရာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် စစ်တွေမြို့ကြီးကား မိုခါဆိုင်ကလုန်း၏ ဗဟိုချက်မဖြစ်ခဲ့သည်။ မိုခါကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ရှော၀တီ၊ ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများနှင့်နေပြည်တော်ကောင်စီနယ်မြေအချို့ မုန်တိုင်းဒဏ်သင့်ခဲ့ရသည်။ မုန်တိုင်းကြောင့် လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ လမ်းတံတားများ၊ လမ်းမီးတိုင်နှင့် ထရန်စဖော်မာများ၊ ဈေးများ၊ အားကစားကွင်းများ အတိုင်းအတာတစ်ခုအထိ ပျက်စီးဆုံးရှုံးခဲ့ရသည်။ လယ်ယာစိုက်ခင်းများ၊ ဆားကွင်းများ ပျက်စီးခဲ့ရသည်။ စာရင်းများအရ တစ်နိုင်ငံလုံး အရေအတွက်အားဖြင့် လူနေအိမ်ပေါင်း တစ်သိန်းကျော်၊ ရပ်ကွက်၊ ကျေးရွာပေါင်း တစ်ထောင်ကျော်၊ ဘာသာရေး၊ ကျောင်း၊ ဆေးခန်း၊ ဌာနဆိုင်ရာအဆောက်အအုံပေါင်း ထောင်ဂဏန်းမျှ ပျက်စီးဆုံးရှုံးခဲ့ရမည်ဟု ခန့်မှန်းမိသည်။ မုန်တိုင်းဒီရေများကြောင့် လမ်းများသည် မြစ်များ၊ ချောင်းများ ဖြစ်သွားခဲ့ရသည်။ လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုများရှိခဲ့သည်။ လယ်သမား၊ ယာသမားများ တန်ဖိုးထားရသည့် နွားအပါအဝင် တိရစ္ဆာန်များ ဆုံးရှုံးကြရသည်။ လူများလည်း ဒုက္ခသည်များအဖြစ် ယာယီသဘာဝဘေးခိုလှုံရာစခန်းများ၊ ဘေးလွတ်ရာများတွင် ရွှေ့ပြောင်းနေထိုင်ကြရ၍ အနေအစားပျက်၊ လုပ်ငန်းများပျက်ရ၊ စာသင်ပျက်ရ၊ ကျန်းမာရေးစောင့်ရှောက်မှုအခက်အခဲ၊ ဆက်သွယ်ရေးပြတ်တောက်၊ လျှပ်စစ်မီးမရ၍ ယာယီအခက်အခဲများ တွေ့ကြုံကြရသည်မှာ ဓမ္မတာပင်။ မုန်တိုင်းနောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများကလည်း ကြုံဆိုမည်မှာမလွဲ။ များသောအားဖြင့် နောက်ဆက်တွဲပါလာသည်က ကူးစက်ရောဂါများပင်။ ရေ၊ အစားအစာ၊ အိမ်သာ မသန့်ရှင်းမှုများကြောင့်ဖြစ်ရသည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အရေပြားရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါများ၊ စိတ်ထိခိုက်မှုပြဿနာများပင်ဖြစ်သည်။ ထို့အတွက် နယ်ခံကျန်းမာရေးဝန်ထမ်းများအပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် အထူးဆေးကုသအဖွဲ့များဖြင့်လည်း ဆေးကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး၊ ပညာပေးခြင်းနှင့် ဆေးကုသမှုလုပ်ငန်းများသည် ပြန်လည်ထူထောင်ရေး အစိတ်အပိုင်းတစ်ခုအဖြစ် ပြည်သူလူထုကို ရက်တာရှည် ကျန်းမာရေးစောင့်ရှောက်ပေးရမည့်အနေအထားတွင်ရှိသည်။ ယင်းသည်ပင် သဘာဝဘေးဒဏ်သင့်အခြေအနေတိုင်းတွင် မလွဲမသွေ အနည်းနှင့်အများ တွေ့ကြုံရသည့် ဒုက္ခဆင်းရဲများသာဖြစ်၍ အားလုံးရင်ဆိုင်ကြရသည်သာ။ သဘာဝဘေးအန္တရာယ်ဟူသည်ကား ကြုံရတော့မည်ဆိုသည်ကို သိသည်နှင့် ကိုယ့်ဆီတိုက်ရိုက်ထိခိုက်သည်ဖြစ်စေ၊ မထိခိုက်သည်ဖြစ်စေ အနည်းနှင့်အများ အားလုံးမှာ စိတ်မသက်မသာဖြစ်ကြ၊ ပူပန်သောကဖြစ်ကြရသည်။ တိုက်ရိုက်ထိခိုက်သည့်သူများက ကိုယ့်ကိုယ်ကိုယ် လမ်းစပျောက်သလို၊ တစ်ခုခုဆုံးရှုံးသွားသလို ခံစားကြရသည်ဟု ဆိုသည်။ အဆိုးဆုံးမှာ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းခြင်းပင်ဖြစ်၍ မကောင်းသည့်ဖိအားပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းရန်သာရှိပါတော့သည်။ နာဂစ်ဆိုင်ကလုန်းမွှေစဉ်က လူပေါင်း ၁၃၈၀၀၀ ကျော်ခန့် အသက်ဆုံးပါးခဲ့ရပြီး အိမ်ရာအဆောက်အအုံပေါင်း ခုနစ်သိန်းခွဲကျော် ပျက်စီးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကား ၁၁ ဒသမ ၈ ထရီလီယံအထိ ရှိခဲ့သည်ဟု သိရသည်။ ယခု မိုခါတွင်မူ လူ့အသက်ဆုံးရှုံးမှုရာဂဏန်းသာ တိတိကျကျဆိုလျှင် ယခုစာရေးသားချိန်အထိ ၁၄၅ ဦးသာ ရှိသည်။ နာဂစ်နှင့် မိုခါ နှစ်ခုအကြား လူ၊ ပစ္စည်း၊ ငွေကြေးဆုံးရှုံးမှု များစွာကွာခြားလွန်းပါသည်။ ဤသည်မှာ ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်မြော်တွေးမှု အားကောင်းခြင်း၏ အမှတ်အသားပင်ဖြစ်သည်။ သဘာဝဘေးဒဏ်ဟူသည် မမျှော်လင့်ဘဲ ရောက်လာနိုင်သည့်နည်းတူ မျှော်လင့်ထားသည့်အချိန်တွင် မျှော်လင့်သလို ရောက်လာတတ်သည့်အတွက် ဝင်ရောက်လာပါက အပျက်အစီးနည်း၊ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်ရန် ထိထိမိမိ ကြိုတင်စီမံပြင်ဆင်ထားကြရသည်။

**ထိခိုက်မှုသက်သာခဲ့သည့် အားကောင်းသောကြိုတင်ပြင်ဆင်မှုများ**

မုန်တိုင်းမဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်ပြီးလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီးလည်းကောင်း သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး မုန်တိုင်းဒဏ်သင့်ဒေသများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ပြန်လည်ထူထောင်ရေးအစည်းအဝေးများ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ ဒေသဌာနအလိုက် အားလုံးပူးပေါင်း၍ သဘာဝဘေးကြိုတင်ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်၊ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်အားပေးထောက်ပံ့မှုများပြုခဲ့ကြသည်။ မုန်တိုင်းမဝင်ရောက်မီ ငါးရက်ခန့်ကတည်းက မုန်တိုင်းသတိပေးချက်များကို အခါမလပ် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်ခဲ့ကြသည်။ အရန်ဆန်၊ စားရေရိက္ခာနှင့် စက်သုံးဆီ၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်မိုးသွပ်၊ သစ်များအပါအဝင် အထောက်အပံ့ပစ္စည်းများ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ကြိုတင်သိုလှောင်ထားရပြီး တပ်မတော်ယာဉ်တန်းများဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို အချိန်မီ ကြိုတင်ပို့ဆောင်ထားရသည်များလည်း ရှိခဲ့သည်။ ယာဉ်တင်အသင့်၊ လူ၊ ပစ္စည်း ကြိုတင်စုဖွဲ့ထုပ်ပိုးထားရသည်။ ဘုန်းကြီးကျောင်းများ၊ စာသင်တိုက်များ၊ သက်ကြီးဘိုးဘွားများ၊ အမျိုးသမီး၊ ကလေးသူငယ်၊ မသန်စွမ်းသူများကို ဦးစားပေး ကယ်ဆယ်ရန်ပြင်ဆင်ထားပြီးဖြစ်သည်။ ဒေသခံပြည်သူ ခြောက်သိန်းကျော်ကို တပ်မတော်မော်တော်ယာဉ်များ၊ လေယာဉ်၊ ရေယာဉ်များဖြင့် မုန်တိုင်းဘေးလွတ်ရာဆီ ကြိုတင်ပို့ဆောင်ထားနိုင်၍လည်း လူ့အသက်ပေါင်းများစွာ သက်သာရာရရှိသွားခဲ့သည်ဟု ဆိုရပေမည်။ နိုင်ငံနှင့် ပြည်သူက လိုအပ်လာလျှင် အမြဲအသင့်ရှိနေကြရသော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များကား သဘာဝဘေးဒဏ်ကိုရင်ဆိုင်ရန် မဖြစ်ခင်ကတည်းက ကြိုတင်၍ လူ၊ ပစ္စည်း၊ ရိက္ခာ၊ ဆေးဝါးများဖြင့် ပြင်ဆင်စုဖွဲ့လေ့ကျင့်ပြင်ဆင်ထားရသူများဖြစ်သည်။

**အရေးပေါ်ထောက်ပံ့အလှူဒါနများဖြင့် ချက်ချင်းတုံ့ပြန်နိုင်မှုဆိုသည်မှာ**

မုန်တိုင်းတိုက်ခတ်ပြီးပြီးချင်းပင် ဆရာတော်ကြီးများအပါအဝင် သက်ဆိုင်ရာအကြီးအကဲများ၏ မုန်တိုင်းဒဏ်သင့်ပြည်သူများအပေါ် အားပေးစကားများ၊ သီတဂူဆရာတော်ကြီးနှင့် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ ဆရာတော်ကြီးနှစ်ပါး၏ လှူဒါန်းထောက်ပံ့ပစ္စည်းများ၊ လှူဒါန်းထောက်ပံ့ငွေများကား လူမျိုးဘာသာမခွဲခြား လိုအပ်ရာဆီသို့ ချက်ချင်းရောက်ရှိသွားခဲ့သည်။ နိုင်ငံအကြီးအကဲကိုယ်တိုင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် စစ်တွေမြို့နှင့် ပုဂံညောင်ဦး **စာမျက်နှာ ၁၅ သို့** ☆

စာမျက်နှာ ၁၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကို မေ ၁၄ ရက်က ကျင်းပစဉ်။



မြောက်ဦးမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများမှ ပြည်သူများအား မုန်တိုင်းဘေးအန္တရာယ်ခိုလှုံရာနေရာများသို့ မေ ၁၃ ရက် နံနက်ပိုင်းက စက်လှေများဖြင့် ပြောင်းရွှေ့ပို့ဆောင်ပေးနေစဉ်။

**❛ မုန်တိုင်းမဝင်ရောက်မီ ငါးရက်ခန့်ကတည်းက မုန်တိုင်းသတိပေးချက်များကို အခါမလပ် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်ခဲ့ကြ**

**အရန်ဆန်၊ စားရေရိက္ခာနှင့် စက်သုံးဆီ၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်မိုးသွပ်၊ သစ်များအပါအဝင် အထောက်အပံ့ပစ္စည်းများ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ကြိုတင်သိုလှောင်ထားရပြီး တပ်မတော်ယာဉ်တန်းများဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို အချိန်မီ ကြိုတင်ပို့ဆောင်ထားရသည်များလည်းရှိခဲ့ ❜**

☆ စာမျက်နှာ ၁၄ မှ

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများဆီ ချက်ချင်းဆိုသလို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများကို လမ်းညွှန်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်မှာ များစွာအားရဝမ်းမြောက်ဖွယ်ရာဖြစ်သည်။ နိုင်ငံအကြီးအကဲ၏ မှတ်မှတ်ရရ မှာကြားချက်တွင် မုန်တိုင်းမဖြစ်ခင်က အခြေအနေထက် ပိုမိုသာလွန်အောင် ဆောင်ရွက်ပေးရမည်ဟူသောစကားက ဒုက္ခရောက်၍ စိတ်ဓာတ်ကျအားငယ်နေသူများအတွက် အားတက်စရာ ခွန်အားတစ်ခုဖြစ်ခဲ့သည်။

နှုတ်စကားအပေါ် ထပ်ဆင့်လက်တွေ့ကျသည့်အချက်က များပြားလှသော အများပြည်သူတို့၏ လှူဒါန်းငွေပမာဏဖြင့် အားတက်သရောတုံ့ပြန်မှုပင်ဖြစ်သည်။ သက်ဆိုင်ရာများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အဖွဲ့အစည်းများမှ ရဟန်းရှင်လူစေတနာရှင်ပြည်သူများ ကနဦးလှူဒါန်းလိုက်သည့် အလှူငွေစုစုပေါင်းသည်ပင် ကျပ်သိန်းပေါင်း ၁၃၁၈၁၀ (ငွေကျပ် ၁၃ ဘီလီယံ) အထိ ရှိခဲ့သည်။ လှူဒါန်းမှုအစုစုများအနက် အမြန်ဆုံးနှင့် အများဆုံး သမိုင်းဝင်လှူဒါန်းမှုဖြစ်ခဲ့သည်ကို သတိထားမိသည်။

**ချက်ချင်းကယ်ဆယ်၊ အမြန်ဆုံးပြင်ဆင်၊ စုစည်းအားဖြင့်ပြန်လည်ထူထောင်**

အပျက်အစီးများကို အမြန်ဆုံးပြန်လည်ပြင်ဆင်ဆယ်တင်ပြီး ပြန်လည်ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာများက ချက်ချင်းစစ်ဆေး အစည်းအဝေးလုပ်၊ အမြန်ဆုံးအကောင်အထည်ဖော်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးများ မနှေးအမြန်ဆောင်ရွက်ကြခြင်းဖြင့် လျင်လျင်မြန်မြန် တုံ့ပြန်နေကြသည်ကို တွေ့ရသည်။ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကလည်း မိမိတို့၏ အရေးပေါ်စုစည်းတုံ့ပြန်နိုင်စွမ်း အရင်းအမြစ်အားကိုအသုံးချလျက် ဘေးဒဏ်သင့်ပြည်သူများဆီအရောက် စားရေရိက္ခာ၊ ရေသန့်နှင့် အဝတ်အထည်များ၊ တစ်ကိုယ်ရေအသုံးအဆောင်များ၊ ဆေးပစ္စည်းများ၊ စက်သုံးဆီများ၊ မိုးကာတဲများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများ မပြတ်ပို့ဆောင်ကူညီပေးလျက်ရှိသည်။ ဆက်သွယ်ရေးမိုဘိုင်းကား၊ အသေးစားခွဲစိတ်ခန်းပါသည့် မိုဘိုင်းဆေးရုံ၊ မီးစက်၊ ရေသန့်စင်စက်များ၊ ရေသယ်ယာဉ်များ၊ ယာဉ်ယန္တရားများ၊ အစားအသောက်စသည်ဖြင့် ကဏ္ဍအစုံ အကုန်ပါအောင် တပ်မတော်စစ်ရေယာဉ်ကြီးများ၊ ကမ်းထိုးရေယာဉ်များဖြင့် ဘေးဒဏ်သင့်ဒေသများဆီ အမြန်ဆုံးရောက်ရှိအောင် သယ်ယူပို့ဆောင်ပေးခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရသည်။ ထိုလုပ်ငန်းများတွင် တပ်မတော်နှင့်လက်တွဲ၍ တစ်တပ်တစ်အား ပါဝင်ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းပကားကိုလည်း တွေ့မြင်ရသည်။ သူတို့ကား တပ်မတော်နှင့်လက်တွဲ၍ လမ်းပန်းဆက်သွယ်ရေးနှင့် မိုးထဲလေထဲတွင် ရှာဖွေကယ်ဆယ်ရေးများ ပြုလုပ်ကြရသည်။ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်ကြီးများ၊ သစ်ကိုင်းများ၊ ပိတ်ဆို့အတားအဆီးများ၊ ပြိုကျပျက်စီး ခေါင်မိုးလန်နေသော အဆောက်အအုံများနှင့် အတားအဆီးများစွာကို ဖယ်ရှားရှင်းလင်းရသည်။ နေအိမ်များကိုပြန်လည်ပြုပြင်၊ အိမ်မိုးသွပ်များဝေငှလဲလှယ်ခြင်းများ ဆောင်ရွက်ပေးရသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွားရိပ်သာများ၊ ဆေးရုံများကို သန့်ရှင်းရေးဆောင်ရွက်ပေးကြသည်။ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေကြရသည်။ မီးသတ်၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ် စသည့်သက်ဆိုင်ရာကဏ္ဍအလိုက်နိုင်ငံ့ဝန်ထမ်းများ၏ အင်နှင့် အားနှင့် ဘေးဒဏ်သင့်ဒေသများဆီအရောက်သွား၍ တစ်ရက်တစ်ပတ်တည်းလည်းမဟုတ်၊ နေ့စဉ်၊ လစဉ် များစွာအပင်ပန်းခံ၍ လုပ်ကြကိုင်ကြရသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် လေးစားဂုဏ်ယူရပါသည်။

ဆက်သွယ်ရေးလိုင်းများ တာရှည်မပြတ်တောက်အောင် ကြိုးစားပြင်ဆင်ကြရသည်။ ဓာတ်တိုင်များမှာယူ၊ ပြန်ထူ၍ အမြန်ဆုံးမီးပေးနိုင်ရန် ဆောင်ရွက်ကြရသည်။ မီးပြတ်၍မရသည့်ဆေးရုံများအတွက် မီးစက်ကြီးများဖြင့် မီးပေးနေရသည်။ ပျက်စီးသွားသောဆေးရုံများကို အမြန်ပြုပြင်ပေးရသည်။ လေယာဉ်ခရီးစဉ်များ မပြတ်စီစဉ်ပေးခြင်းဖြင့် သယ်ယူပို့ဆောင်ရေး အဆက်မပြတ်အောင်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အများပြည်သူအများဆုံးသုံးလမ်း၊ တံတားများကိုလည်း ဦးစားပေးပြန်လည်ပြင်ဆင်နေကြရသည်။ စိုက်ပြီးနွေစပါးရိက္ခာများမထိခိုက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရသည်။ သံဃာတော်၊ သီလရှင်များအတွက်လည်း ဆွမ်းဆန်တော်မပြတ်စေရန်၊ မလစ်ဟင်းရန် စီမံရသည်။ လူထုအတွက် ထမင်းထုပ်များ၊ သောက်သုံးရေများ၊ ထောက်ပံ့ငွေများ ထောက်ပံ့ဝေငှကြရသည်။ အချို့ဒေသများတွင် သဘာဝဘေးနှင့်အတူ ရပ်ရွာသာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများကို ကြိုတင်ဖွဲ့စည်းစုစည်းထားသော ပရဟိတကွန်ရက်များ၏အားကိုယူ၍ လျင်လျင်မြန်မြန်၊ ထိထိရောက်ရောက်၊ စည်းစည်းလုံးလုံး ဆောင်ရွက်နေကြသည်ကိုလည်း သတိထားမိသည်။


စစ်တွေမြို့၌ ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ဓာတ်တိုင်များ ထိခိုက်ပျက်စီးခဲ့သဖြင့် လျှပ်စစ်ဓာတ်အားများ ပုံမှန်ရရှိစေရေးအတွက် မေ ၂၀ ရက်က စိုက်ထူနေစဉ်။

**ဒုက္ခရောက်သူအပေါ် ပြည်တွင်းပြည်ပ စာနာအလေးထားသူများ**

ဒုက္ခရောက်သူ မိမိတစ်ဦးတည်းကား မဟုတ်ပါ။ မိမိပတ်ဝန်းကျင်သည်ပင် မိမိအတွက် ခွန်အားတစ်ခုဖြစ်သည်ကို ဘယ်တော့မှမမေ့ပါနှင့်။ မိမိခံစားချက်ကို အလေးထားစာနာသူ ကိုယ့်ပတ်ဝန်းကျင်တွင် များစွာရှိသည်။ ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ၊ ပစ္စည်းများ လှူဒါန်းနိုင်ရန် နိုင်ငံတော်က ဆက်တိုက်နှိုးဆော်လျက်ရှိပြီး တပ်မတော်အပါအဝင် အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အများပြည်သူစေတနာအလှူရှင်များ၏ သဒ္ဓါတရားအပြည့်ဖြင့် ရက်ရက်ရောရောလှူဒါန်းမှုများကို နေ့စဉ်ရက်ဆက်တွေ့မြင်နေရသည်။


ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း)ဖြင့် မေ ၁၉ ရက်က ပို့ဆောင်ပေးလျက်ရှိစဉ်။

ပြည်ပမှဆိုလျှင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက အစောဆုံးလှူဒါန်းခဲ့သော အလှူငွေနှင့် အသင့်စားရိက္ခာထုပ်များလှူဒါန်းမှုအပေါ် သာခုခေါ်မိသည်။ ပြည်တွင်းအင်အားသာမက ပြည်ပအင်အားနှင့် ပြင်ပအကူအညီများကလည်း မိတ်ဆွေကောင်းပီသပုံများကို ပြသနေပြန်သည်။ ယခုဖြစ်စဉ်ကြီးမှာ မိတ်ဆွေ အိန္ဒိယရေတပ်ရေယာဉ်လေးစင်းဖြင့် တန်ချိန်သန်းပေါင်းများစွာသော ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာသည့်အတွက် လည်းကောင်း၊ တရုတ်ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးအသင်းက ဆေးဝါးနှင့် စားသောက်ကုန်များအပါအဝင် တရုတ်ယွမ်ငွေ တစ်သိန်းခန့်လှူဒါန်းခဲ့သည့်အတွက်လည်းကောင်း ထိုအရေးပေါ်အကူအညီများသည် မုန်တိုင်းဒဏ်သင့်မြန်မာပြည်သူများအတွက် ခွန်အားများဖြစ်စေသလို အဝေးမှအလှူရှင်များ၏ တကယ့်စိတ်ကောင်းစေတနာများကို လေးစားတန်ဖိုးထားမိပါသည်။ ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များကလည်း ပျက်စီးဆုံးရှုံးမှုများကြောင့် စိတ်ဒုက္ခရောက်နေသည့် ညီအစ်ကို၊ မောင်နှမ ရခိုင်သွေးချင်းများဆီ စိတ်ဓာတ်ရေးရာအရ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးကြပြီး ထောက်ပံ့ပစ္စည်းများအား လက်ဝယ်အရောက်လှူဒါန်းကြသည်မှာ ပြည်သူကို အလုပ်အကျွေးပြုခြင်းတစ်မျိုးပင်ဖြစ်သည်။ သူတို့ကား ဘေးဒုက္ခကြုံတိုင်း၊ ဒုက္ခရောက်သည့်အချိန်တိုင်းတွင် ဒုက္ခခံစားနေရသူများထံ အရောက်သွားခဲ့ကြသည့် အစဉ်အလာကြီးခဲ့သူများဖြစ်သည်။ ထိုပုံရိပ်များကား အများသူငါဝမ်းမြောက်ရာ လေးစားဖွယ်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါတော့သည်။

**လူမျိုး၊ ဘာသာ၊ ကာလာ ဘာမှမခွဲခြားပါ**

အင်အား အလွန့်အလွန်ကောင်းသော ဆိုင်ကလုန်းအမျိုးအစားဖြစ်၍ ထိုက်သင့်သော အပျက်အစီးဆုံးရှုံးမှုများကား ရှိနေမည်သာဖြစ်သည်။ မုန်တိုင်းမဖြစ်အောင် ကြိုတင်မကာကွယ်နိုင်သော်ငြား ထိခိုက်ပျက်စီးမှု၊ ဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်စီမံထားသည်ဖြစ်၍ ပျက်စီးဆုံးရှုံးနိုင်မည့် ခန့်မှန်းပမာဏထက်နည်းပါးသည်ကို တွေ့ရသည်။ မုန်တိုင်းမဝင်မီရော ဝင်ပြီးကာလမှာပါ ဘေးဒဏ်သင့်မည်သူကိုမဆို ကိုယ့်သွေးချင်းသားချင်းပမာ လူမျိုး၊ ဘာသာ၊ ကာလာမခွဲ လူသားချင်းစာနာစိတ်ထားအပြည့်ထား၍ ကူညီလျက်၊ ကယ်ဆယ်လျက်၊ ထောက်ပံ့လျက်ပင်ဖြစ်သည်။ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဟူသည် အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရသည်ဖြစ်၍ အားလုံးပူးပေါင်းပါဝင်မှုက အရေးကြီးဆုံးဖြစ်သည်။ ကယ်ဆယ်သူ၊ ကူညီထောက်ပံ့သူဘက်က အားထည့်ပါဝင်သည့်နည်းတူ ဘေးဒဏ်သင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်လိုစိတ်နှင့် အသိစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်မှုများကလည်း အောင်မြင်မှုသော့ချက်များထဲမှ တစ်ခုဖြစ်သည်။ သဘာဝဘေးအန္တရာယ်သင့်ပြီးဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဟူသည် ထောင့်စုံဘက်စုံမှဆောင်ရွက်ရသည်ဖြစ်၍ စီမံခန့်ခွဲပေါင်းစပ်ညှိနှိုင်းလုပ်ငန်းများ စနစ်တကျဖြစ်ရန် အလွန်အရေးကြီးလှသည်။ ဆင့်ကဲဆင့်ကဲစုဖွဲ့မှုဖြင့် စစ်ဆင်ရေးတစ်ခု ဆင်နွှဲသည့်ပမာ မပြတ်ကြပ်မတ်ကွပ်ကဲနေရသည်။

သဘာဝဘေးအန္တရာယ်ဟူသည် ရှောင်လွှဲ၍မရ၊ ရင်ဆိုင်တုံ့ပြန်ရမည်သာဖြစ်သည်။ ဖြစ်ချိန်တန်ဖြစ်၍ ပျက်ချိန်တန်ပျက်သည့် လောကဓံသဘောပင်ဖြစ်သည်။ လောကဓံသဘောက မိမိ၏ခံနိုင်ရည်အပေါ် များစွာမူတည်သည်။ အရာရာဘာမျှမမြဲသည်ဖြစ်၍ အားမငယ်ကြရန်နှင့် အရေးကြုံက အားပေးကူညီကြရန်အသင့်ရှိနေခြင်းသည်ပင် တိုင်းရင်းသားအားလုံး၏ စိတ်ကောင်းစေတနာနှင့် မြန်မာအချင်းချင်း ရိုင်းပင်းကူညီသည့် မိသားစုစိတ်ဓာတ်ဖြစ်သည်။ ဒုက္ခရောက်ရသူ တစ်ယောက်မကျန်မည်သူ့ကိုမျှ ဖယ်ကြဉ်ထား၊ ပစ်ထားမည်မဟုတ်ဘဲ ပြည်သူအားလုံးက ကူညီပေးကြမည်သာဖြစ်၍ စိတ်ပျက်၊ စိတ်ဓာတ်ကျစရာမလိုပါ။ ပျက်လျှင်ပြင်ရသည်မှာ ဓမ္မတာပင်၊ မူလထက်ပိုကောင်းသည့် အသစ်ကို ပြန်ရကြမှာပါပဲဆိုသည်ကို အလေးအနက်ထားသင့်သည်။ သဘာဝဘေးဒဏ်ခံ ခေတ်မီမြို့ပြအိမ်ရာများ၊ စက်မှုလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်မှု၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ လူမှုဘဝများ ယခင်ထက်ပိုမိုဖွံ့ဖြိုးလာမည်မှာ မြင်ယောင်နေပါသည်။ အသက်ရှင်ရေးသည် ပထမ၊ ဘဝများ ရှင်သန်ရပ်တည်ရေးသည်လည်း ပထမဟူ၍ ခံယူထားသည့်အတွက် လတ်တလောပြင်ဆင်ရေးမှသည် ရေရှည်ပြန်လည်ထူထောင်ရေးအတွက်ပါ ကြိုတင်စဉ်းစားပြင်ဆင်ထားပြီးဖြစ်၍ ဘေးသင့်ပြည်သူများ၏ မျှော်လင့်ချက်များ အသေအချာပြည့်ဝလာမည်မှာ မလွဲပါ။ အဆိုးထဲကအကောင်း၊ အရှုံးထဲကအမြတ်ဟူ၍သာ မှတ်ယူစေချင်သည်။ အားနည်းချက်များကို သင်ခန်းစာယူတတ်လျှင် အားသာချက်များဖြစ်လာမည်မှာ သေချာပါသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်လျက် အခွင့်အလမ်းကောင်းများကို ရှာဖွေရမည်သာဖြစ်သည်။ ယုံကြည်ချက်တော့ရှိစေလိုပါသည်။ ယခုလိုအခြေအနေမျိုးတွင် မတူကွဲပြား၊ အရောင်ကွဲများကြားတွင် တူတာတွေစုစည်းမိပြီး အတူလက်တွဲ လုပ်ကိုင်သွားမည်ဆိုလျှင် စည်းလုံးညီညွတ်မှု အခွင့်အလမ်းတစ်ခုကို ပြန်လည်ရရှိနိုင်သည်။ အဓိကအချက်မှာ အကောင်းမြင်ပေးရန်ပင်ဖြစ်သည်။ အကောင်းမြင်စိတ်ဖြင့် ကြိုးစားမှုက ခံနိုင်ရည်ကိုတိုးစေပြီး ညီညွတ်ခြင်းက ပျက်စီးထိခိုက်မှုကို နည်းစေပါသည်။ ယခုလိုအခက်အခဲ အကျပ်အတည်းကာလတွင် အားလုံး၏စည်းလုံးမှုကိုရယူ၍ စိတ်ဓာတ်မကျဘဲ စိတ်ဓာတ်ကောင်းကောင်း၊ ဝီရိယကောင်းကောင်းဖြင့် အားထည့်ကြိုးစားပါက အချိန်တန်ပြန်လည်ရုန်းထွက်၊ နိုးထနိုင်မည်မှာ သေချာပါသည်။ တစ်နိုင်ငံလုံးကလည်း သူတို့၏ ချစ်ခြင်းမေတ္တာများကို ပေးပို့မျှဝေပြီးသားဖြစ်ပါသည်။ တည်တည်ငြိမ်ငြိမ်ဖြင့် ကြိုးစား၍ကျော်ဖြတ်နိုင်ကြပါစေ၊ ဝိုင်းဝန်းကူညီပံ့ပိုးမှုအားဖြင့် အားထည့်၍ ပြန်လည်တည်ဆောက်ကြပါစို့ဟူ၍သာ ...။ ။

# မိုခါမုန်တိုင်းဒဏ်သင့်သူများအတွက် အာဆီယံနိုင်ငံများမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၂၁

မိုခါမုန်တိုင်းဒဏ်သင့်သူများအတွက် အာဆီယံနိုင်ငံများမှ အမေရိကန်ဒေါ်လာ ၁၀၇၀၆၄ ခန့်မှန်းတန်ဖိုးရှိ ယာယီမိုးကာတဲများ၊ တာပေါ်လင်၊ Jerry Can၊ Shelter Repair Kit အပါအဝင် အခြားအရေးပေါ်သုံးပစ္စည်းများပါဝင်သော တန်ချိန်စုစုပေါင်း ၃၄ ဒသမ ၆၉ တန်ကျော် သယ်ဆောင်လာသည့် စင်ကာပူလေတပ်မှ C–130 နှစ်စင်းနှင့် B737–800F လေယာဉ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်သည်။

## လွှဲပြောင်းပေး

ယခု ပထမအသုတ်အဖြစ် ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အာဆီယံညှိနှိုင်းမှုဗဟိုဌာန(ASEAN Coordinating Centre for Humanitarian Assistance on Disaster Management –AHA Centre) ၏ အမှုဆောင်ဒါရိုက်တာ မစ္စတာ လီယန်မင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းထံ လွှဲပြောင်းပေးသည်။ အဆိုပါ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ လွှဲပြောင်းပေးခြင်းသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့အခြေစိုက် အာဆီယံနိုင်ငံသံရုံး ကိုးရုံးမှ သံရုံးအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ AHA Centre မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို မိုခါမုန်တိုင်းဒဏ်သင့်သူများထံသို့ ဆက်လက်ပေးပို့မည်ဖြစ်သည်။

အာဆီယံ၏ One ASEAN One Response မူအရ အာဆီယံနိုင်ငံများမှ ထောက်ပံ့မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို အာဆီယံအရေးပေါ် ထောက်ပံ့မှုစီမံခန့်ခွဲမှုစနစ် (Disaster Emergency Logistics System for ASEAN– DELSA) ၏ မလေးရှားနိုင်ငံ ဆူဘန်းမြို့နှင့် ထိုင်းနိုင်ငံ ချိုင်နတ်မြို့တို့ရှိ သိုလှောင်ရုံများမှ ပစ္စည်းများကို ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား တပ်မတော်လေယာဉ်များဖြင့် စုစုပေါင်း ၁၉ ခေါက် ကူညီသယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့်သူများအတွက် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး "မူ"ကို လက်ကိုင်ထားပြီး နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှု၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး အာဆီယံ၊ သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မာန်အောင်မြို့နယ်၌ မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများအား ကွင်းဆင်းစစ်ဆေး

မာန်အောင် မေ ၂၁

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ပျက်စီးခဲ့သည်များအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ တောင်ကုတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ခေတ္တ)ဥက္ကဋ္ဌဗိုလ်မှူးသူရိန်စိုးနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွဋ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များတက်ရောက်ကြပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများအား ကျောင်းဖွင့်အမီ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် မာန်အောင်မြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အလကခ(အုန်းမော်)၊ အမက(ကင်းတဲ)၊ အမက(အထက်ပြင်)၊ အမက(မီးလောင်ထောင့်)၊ အမက(တောက်ပြင်)၊ မူလွန်(ဇိုင်ပင်)ကျောင်းများသို့ သွားရောက်၍ ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းဖွင့်အမီ ကျောင်းများကို အမြန်ဆုံးပြုပြင်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်ပြီး ဗိုလ်မှူးချုပ် ကျော်ကျော်ဦးနှင့် အဖွဲ့သည် ကုန်းတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒအား သွားရောက်ဖူးမြော်ပြီး ဆန်နှင့် ဆီ လှူဒါန်းခဲ့ကြသည်။ မာန်အောင်မြို့နယ်တွင် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်း စုစုပေါင်း ၄၃ ကျောင်း ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မောင်တောမြို့နယ်၌ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် စာသင်ကျောင်းများရှင်းလင်းနေမှုအား ကြည့်ရှုပြီး သွပ်ပြားများထောက်ပံ့ပေးအပ်

မောင်တော မေ ၂၁

ရခိုင်ပြည်နယ် မောင်တောမြို့၌ မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ မောင်တောဒေသသို့ အနီးကပ်ကြီးကြပ်နိုင်ရန် ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် လေဘေးကြောင့်ပျက်စီးခဲ့သော စာသင်ကျောင်းများအား ရှင်းလင်းရေးဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရေးအတွက် ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းကြောင့် လေဘေးသင့်ပြီး ပျက်စီးဆုံးရှုံးခဲ့သော မောင်တောမြို့နယ်အတွင်း အင်းဒင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်းများ ခေါင်မိုးလန်ပျက်စီးနေမှုအား တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတွင် ခေါင်မိုးပြုပြင်နိုင်ရေးအတွက် သွပ်ပြားများ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့သည်။ ယင်းနောက် မြို့ယုကျေးရွာရှိယာယီစာသင်ကျောင်းနှင့်ကျောက်ပန္နူကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး လေဘေးကြောင့် ပျက်စီးခဲ့သော စာသင်ဆောင်နှင့် စာသင်ခန်းများအား ရှင်းလင်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းဖွင့်ကာလအတွင်း ကျောင်းများဖွင့်လှစ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ဗိုလ်ချုပ်အောင်မျိုးထွန်း ရသေ့တောင်မြို့နယ်၌ စာသင်ကျောင်းများ၊ ယာယီဆေးပေးခန်းဖွင့်လှစ်ထားမှု၊ သောက်ရေဖြန့်ဝေပေးမှုနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှု



ရသေ့တောင် မေ ၂၁

ဗိုလ်ချုပ်အောင်မျိုးထွန်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရသေ့တောင်မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအား သောက်ရေသန့်ဖြန့်ဝေပေးနေမှုအခြေအနေများ၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့မှုများအား ရှင်းလင်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဗိုလ်ချုပ်အောင်မျိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများသည် ရသေ့တောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများက အပျက်အစီးများအား ရှင်းလင်းဆောင်ရွက်နေမှုများ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်သင့် အိမ်ထောင်စုများအား ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့နေမှုများ၊ ရသေ့တောင်မြို့ မြို့မအထက(၂)ကျောင်းဝင်းအတွင်း မုန်တိုင်းဒဏ်သင့် အိမ်ထောင်စုများအား ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ မြို့ပေါ်ရှိ အထက်တန်းကျောင်းများ ကျောင်းဖွင့်ချိန်အမီ ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး တပ်မတော်ဆေးကုသရေးအဖွဲ့များက ယာယီဖွင့်လှစ်ထားသောဆေးခန်းများတွင် ကုသဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရသေ့တောင်(ပြန်/ဆက်)

## ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ဝန်ကြီးဌာနအသီးသီး၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

နေပြည်တော် မေ ၂၁

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့က ကွန်ကရစ်မီးတိုင်များ၊ ထရန်စဖော်မာများ၊ လျှပ်စစ်ကေဘယ်လ်ကြိုးများ၊ သစ်ခွဲသားများ၊ မိုးကာတဲများ၊ မိုးကာများ၊ သွပ်များ၊ အိမ်ရိုက်သံများ၊ ဘိလပ်မြေအိတ်များ၊ မြေတူးစက်နှင့် လုပ်ငန်းသုံး မော်တော်ယာဉ်များ၊ ရေသန့်ဆေးများ၊ ဆန်အိတ်နှင့် ခေါက်ဆွဲခြောက်များ အပါအဝင် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရန်ကုန်မြို့ The Myanmar Terminal (TMT) ဆိပ်ကမ်းတံတား၌ တင်ဆောင်ပြီး MV.SUN SHINE နှင့် MV.FORTUNE သင်္ဘောနှစ်စင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ထွက်ခွာသွားသည်။ MV. AQUARIUS သင်္ဘောသည် ကူညီကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်၍ စစ်တွေမြို့သို့ မေ ၁၉ ရက်က ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တာဝန်ရှိသူများ သံတွဲမြို့ရှိ သာသနိကအဆောက်အအုံများ၊ မြို့ဖွံ့ဖြိုးမှုအခြေအနေနှင့် သောက်သုံးရေလှောင်တမံများ ကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

သံတွဲ မေ ၂၁

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများကို ပြန်လည်ထူထောင်ရေးဆောင်ရွက် နိုင်ရန်ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်သန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက သံတွဲမြို့ရှိ သာသနိကအဆောက်အအုံများ၊ မြို့ဖွံ့ဖြိုးမှုအခြေအနေနှင့် သောက်သုံးရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သံတွဲမြို့နယ် ငပလီမြို့ ဂျိတ္တောရပ်ကွက် မဒေးတောင်ရှိ အလိုတော်ပြည့် ဆရာတော်ကျောင်းသို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု ရှိ၊ မရှိကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တာဝန်ရှိသူများသည် ငပလီမြို့ ငပလီရေလှောင်တမံနှင့် သံတွဲမြို့ မဟာဗောဓိ ရေလှောင်ကန်များသို့ ရောက်ရှိရာ သံတွဲခရိုင်ဆည်မြောင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဦး၊ သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းမြင့်နှင့် တာဝန်ရှိသူများက ရေသိုလှောင်ဖြန့်ဝေပေးနေမှု၊ ရေလှောင်တမံနှင့် ရေလှောင်ကန်များ တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ အဆိုပါငပလီ ရေလှောင်တမံမှ ငပလီမြို့ မြပြင်ရပ်ကွက်နှင့် လင်းသာရပ်ကွက်ရှိ လူနေအိမ် ၁၀၆၅ လုံးနှင့် ဟိုတယ် ၂၅ လုံးတို့ကို ရေဖြန့်ဝေပေးနိုင်ပြီး သံတွဲမြို့မဟာဗောဓိရေလှောင်ကန်မှ မြို့ပေါ်ရှိ ရပ်ကွက်ခုနစ်ခုသို့ ရေဖြန့်ဝေပေးလျက်ရှိကာ သောက်သုံးရေလုံလောက်မှုရှိကြောင်း သိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တာဝန်ရှိသူများသည် သံတွဲမြို့ ရွှေဆံတော်စေတီတော်သို့ သွားရောက်ဖူးမြော်ကြပြီး သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု ရှိ မရှိတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနှင့်အဖွဲ့ မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ ဘင်္ဂါလီလူမျိုးများ၏ လေဘေးသင့်အဆောက်အအုံများအား ကြည့်ရှုပြီး လေဘေးခိုလှုံရာစခန်းဖွင့်လှစ်ခဲ့သည့် ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်ကြီးများထံ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ လှူဒါန်း

မြေပုံ မေ ၂၁

ဗိုလ်မှူးချုပ်ကျော်ကျော်စိုး ဦးဆောင်သော သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီဝင်များက ယနေ့နံနက် ၉ နာရီခွဲက ရခိုင်ပြည်နယ် မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ ဘင်္ဂါလီလူမျိုးများ၏ လေဘေးသင့်အဆောက်အအုံများ၊ မြေပုံမြို့ပေါ်ရှိ လေဘေးခိုလှုံရာ စခန်းဖွင့်လှစ်ခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်သည်။

### ကြည့်ရှု

ဗိုလ်မှူးချုပ်ကျော်ကျော်စိုး ဦးဆောင်၍ နယ်မြေခံတပ်နယ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းခေါင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်နှင့် အဖွဲ့ဝင်များ၊ သဘာဝဘေး ပြန်လည်ထူထောင်ရေးကော်မတီဝင်များက တောင်ပေါ်ရပ်ကွက်သို့ သွားရောက်ကာ လေဘေးသင့် အဆောက်အအုံများအား ကြည့်ရှုပြီး ဗိုလ်မှူးချုပ်ကျော်ကျော်စိုးက ဘင်္ဂါလီလူမျိုးများ၏ ဘုရားဝတ်ပြုရာ ဗလီကျောင်းပျက်စီးနေမှုကို ဆောလျင်စွာပြင်ဆင်ကြရန်နှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြေပုံမြို့ပေါ်ရှိ လေဘေးခိုလှုံရာစခန်းဖွင့်လှစ်ခဲ့သည့် မြို့မကုသိနာရုံ ပရိယတ္တိ စာသင်တိုက်သို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်ကြီး ဦးရာဇိန္ဒအား ဖူးမြော်ပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ လှူဒါန်းကာ ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။ ဆက်လက်၍ တောင်ကျောင်းပရိယတ္တိ စာသင်တိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီး ဦးသိရောမဏိအား ဖူးမြော်ပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ လှူဒါန်းကာ ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

မြို့နယ်(ပြန်/ဆက်)





## ရခိုင်ပြည်နယ် အစိုးရအဖွဲ့ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာအား စားရေရိက္ခာပစ္စည်းများ ထောက်ပံ့

ဘူးသီးတောင် မေ ၂၁

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဘူးသီးတောင်မြို့နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လေဘေးသင့်ကျေးရွာအုပ်စု အိမ်ထောင်စုများအား စားရေရိက္ခာပစ္စည်းများ ထောက်ပံ့ပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုအထက်တန်းကျောင်းခန်းမ၌ ကွန်တိုင်ကျေးရွာအုပ်စုပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

ဘူးသီးတောင်မြို့နယ်တွင် မေ ၁၄ ရက်က တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးလျက်ရှိရာ ကွန်တိုင်ကျေးရွာအုပ်စု လေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၉၀၊ အမျိုးသား ၈၁၅ ဦး၊ အမျိုးသမီး ၈၂၂ ဦး စုစုပေါင်း လူဦးရေ ၁၆၃၇ ဦးတို့အတွက် စုစုပေါင်းဆန် ၁၁၉ အိတ် ၈ ပြည် ၆ ဘူး၊ ဆီ ၁၄၃ ပိဿာ ၂၄ ကျပ်သား၊ ဆား ၂၈ ပိဿာ ၆၅ ကျပ်သားတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၁

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အများပြည်သူ သွားလာရေးအဆင်ပြေစေရန် လမ်းမများပေါ်တွင် ပိတ်ဆို့နေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းဝင်းအတွင်း လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ နယ်လှည့်ဆေးကုသရေးအဖွဲ့မှလည်း ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံတပ်မတော်သားများနှင့်ပူးပေါင်း၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသည့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းအား ပြန်လည်ပြုပြင်ပေးခြင်းနှင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် လာရောက်ပို့ဆောင်ပေးသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို အမြန်ဆုံးဖြန့်ဝေပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ကျောက်တော်နှင့် မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်လည်း ဒေသခံပြည်သူများအား သောက်သုံးရေများ ဖြန့်ဖြူးပေးခြင်း၊ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။





အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ရှိ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် ရေပေးဝေခြင်းများနှင့် လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေချိန်တွင် လေဘေးသင့်ပြည်သူများ ယာယီခိုလှုံနေထိုင်ရာ၌ အဆင်ပြေချောမွေ့စေရေး ယာယီတဲဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လဲကျနေသော သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများအနေဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံးသွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ



နေပြည်တော် မေ ၂၁

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသည်။

**သက်သာသောဈေးနှုန်းများဖြင့်ရောင်းချ**

ထိုသို့ ရောင်းချပေးလျက်ရှိရာ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများ ဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✻ **ကျောဖုံးမှ**

မေ ၁၉ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ဖ၈၅ ဦး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ အရပ်သားဝန်ထမ်း ၁၀၇ ဦးတို့နှင့် ကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ရိက္ခာအမယ်စုံ၊ အထောက်အကူပြုပစ္စည်းများ၊ ဆန်အိတ် ၂၀၀၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ စုစုပေါင်း ၂၅ တန်ခန့်တို့ကို တင်ဆောင်၍ ရန်ကုန်မြို့မှ ထွက်ခွာလာခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ Essar တံတားသို့ ရောက်ရှိ ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရပ်သားဝန်ထမ်းများ အပါအဝင် သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**ပို့ဆောင်ပေးခဲ့**

အလားတူတပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပထမအစင်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်း ၅၈ ဦး၊ စစ်လက်နက်ပစ္စည်းတပ်ခွဲမှ မိုးကာတဲခြောက်ခု၊ ကရိန်းကားတစ်စီး၊ အာလူးသုံးအိတ်၊ ကြက်သွန်သုံးအိတ်၊ ဆီသုံးပုံး၊ အမိုးတဲသုံးပုံး၊ မီးစက်တစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့အား လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယမြောက်အစင်းသည် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရပ်သားဝန်ထမ်း ၆၉ ဦး၊ စစ်ထောက်ချုပ်ရုံးမှ TA TA ကား တစ်စီးတို့အားလည်းကောင်း တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရေချမ်းပြင်ကမ်းထိုးရပ်မှ ရသေ့တောင်ကမ်းထိုးရပ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံသယ်ဆောင်ပေးရန်အတွက် ရေချမ်းပြင်၌ ပြန်လည်အခြေပြုလျက်ရှိသည်။

ထို့အတူ ဗိုလ်အောင်ကျော်ဆိပ်ကမ်း အမှတ်(၂) ဇောတံတားတွင် ဆိုက်ကပ်ထားသော သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် MV- FORTUNE အလျား ပေ ၂၄၀၊ အနံပေ ၆၀၊ ရေစူး ၁၃ ပေ၊ စုစုပေါင်းမက်ထရစ်တန် ၂၄၀၀ တင်ဆောင်နိုင်သည့် သင်္ဘောဖြင့် ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ပေးအပ်လှူဒါန်းသည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများဖြစ်သည့် 50 – KVA မီးစက် ၁၀ လုံး၊ 100 – KVA မီးစက်နှစ်လုံး၊ 500 – KVA မီးစက်တစ်လုံး၊ .36 မီလီ အမိုးသွပ်အချပ် ၇၁၇၉၀၊ ဒေါင့်သံတန် ၁၀၀ နှင့် Box Truck တစ်စီး၊ ကုန်တင်ယာဉ်နှစ်စီး၊ မြေကြိတ်ယာဉ်လေးစီး၊ ငါးတန်ကရိန်းယာဉ် တစ်စီး တန် ၂၀၊ မိုးကာတဲ ၁၇၄ လုံး၊ ဘိလပ်မြေအိတ် ၈၀၀၀၊ ဆန်အိတ် ၁၀၀၀၊ စားဆီဖာ ၁၅၀၀၊ ရေသန့်ပါကင် ၂၅၀၀၊ ခေါက်ဆွဲခြောက်ဖာ ၄၀၀၀၊ ကုလားပဲအိတ် ၁၀၀ ပိဿာ ၃၀၀၀၊ သစ်ဆိုဒ်မျိုးစုံ တန် ၁၄၀၊ သွပ်ရိုက်သံဖာ၂၀၀၀၊ ထုံးအိတ် ၃၁၇ အိတ်၊ ရေသန့်စက်အသေး ၁၆၀ စုစုပေါင်း ၂၁၀၀ မက်ထရစ်တန်ကိုလည်းကောင်း၊ MV- MV.SUN SHINE အလျား ၂၇၂ ပေ၊ အနံ ၆၄ ပေ၊ ရေစူး ၁၄ ပေ၊ မက်ထရစ်တန် ၄၀၀၀ တင်ဆောင်နိုင်သည့်သင်္ဘောဖြင့် ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းမျိုးစုံဖြစ်သည့် ကွန်ကရစ်မီးတိုင် ၃၈၀၀၊ လျှပ်စစ်မီးကြိုး မီတာ ၅၀၀၀၊ 160KV ထရန်စဖော်မာအလုံး ၂၀၊ မိုးကာလိတ်၊ ဘေထုပ်၊ တာဝါတိုင်အပိုပစ္စည်း၊ မိုးကာတဲ စုစုပေါင်း တန် ၃၆၅၀ တင်ဆောင်၍လည်းကောင်း စစ်တွေမြို့သို့ ထွက်ခွာသွားရာ အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်၊ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှု စစ်ဆေးကြပ်မတ်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာနေ ရန်နိုင်ထွန်း(ခ) ချမ်းမြေ့သည် ၎င်းအသုံးပြုသည့် “Thet Paing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၁

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ တပ်နယ်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အမှာစကားများပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦးအား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နမ္မတူမြို့ လမ်းပြကြယ်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ် အတိုး ထုတ်ပေး

နမ္မတူ မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ လမ်းပြကြယ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အဆိုပါ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးသိန်းကြည်ဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဌာနဆိုင်ရာများ၊ အသင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ စုစုပေါင်း ၂၂၀ တက်ရောက်ခဲ့သည်။ အသင်းသား ၂၁၃၉ ဦးအတွက် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၉၃၃ ဒသမ ၇၅ သိန်း၊ အစုပေါ်အမြတ်ငွေကျပ် ၃၃ ဒသမ ၈၉ သိန်း စုစုပေါင်းငွေကျပ် ၉၆၇ ဒသမ ၆၄ သိန်းကို အသင်းသားကိုယ်စားလှယ်များသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် Royal Phoenix Guerilla Force-RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရဟန်းသံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူ သွားလာလျက်ရှိသောလမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

## ဖမ်းဆီးရမိ

ထိုသို့လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်များအရ ၂၀၂၃ ခုနှစ် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက်ရှိ “တော်ဝင်ဦး” တည်းခိုခန်း အခန်းအမှတ် (၂၀၅)၌ Royal Phoenix Guerilla Force–RPGF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဒုတိယခေါင်းဆောင် **ချမ်းမြေ့ဦး (ခ)ဘရိတ်ကီ(ခ) ကောက်ကြီး**အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ချမ်းမြေ့ဦး (ခ)ဘရိတ်ကီ(ခ)ကောက်ကြီး**၏ ထွက်ဆိုချက်အရ မေ ၁၈ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် (၄၆)လမ်းနှင့်(၁၀၇)(အေ)လမ်းကြား၌ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ) ကိုပြည့်**အား လည်းကောင်း၊ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ဇော်ထက်**နှင့် **ဟိန်းထက်**တို့အား အမရပူရမြို့နယ် ရောဝတီတံတား(ရတနာပုံ) စစ်ဆေးရေးဂိတ်တွင် လည်းကောင်း၊ **ဇော်ရဲထက်(ခ)သားသား၊ အောင်ထွန်းမင်း(ခ)အော်တို၊ မင်းမင်းဦး(ခ)သက်ဦးမောင်**တို့အား အမရပူရမြို့နယ် မုန်တန်းရပ်ကွက်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ) ကိုပြည့်**၏ ထွက်ဆိုချက်အရ ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက် (၇၃)(အေ)လမ်း၊ (၁၂၀) လမ်းနှင့် (၁၂၁) လမ်းကြား၌ တရားခံ **ဝင်းမာ**အား ကြိုးဆွဲလက်ပစ်ဗုံး ငါးလုံးဖြင့် လည်းကောင်း၊ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **သူရစိုး(ခ)ကျောက်ရုပ်**အား ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာတွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ) ကိုပြည့်**နှင့် **အောင်ထွန်းမင်း (ခ) အော်တို**တို့၏ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် RPGF အမည်ခံ အကြမ်းဖက်အဖွဲ့အား ငွေကြေးထောက်ပံ့ပေးနေသူများဖြစ်သည့် တရားခံ **ခိုင်ခိုင်အောင်**အား ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက် သင်္ချောင်းလမ်းတွင် လည်းကောင်း၊ တရားခံ **ရန်နောင်ဖြိုး**အား ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် တိုက်အမှတ်(၁၉) အခန်းအမှတ် (၁၉)တွင် လည်းကောင်း၊ တရားခံ **သူဇာဝေ**နှင့် **အောင်ရဲကျော်**တို့အား ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၀ ဦး၊ မ သုံးဦး ပေါင်း ၁၃ ဦးတို့ အားတရုတ်ကြိုးဆွဲလက်ပစ်ဗုံး ငါးလုံးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

## ဖော်ထုတ်သိရှိရ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း(ခ) ကိုစော(ခ) ကိုပြည့်၊ ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ (ခ)ကောက်ကြီး၊ မင်းမင်းဦး(ခ) သက်ဦးမောင်၊ ဇော်ထက်**နှင့် **ဇော်ရဲထက်(ခ)သားသား** တို့သည် ၂၀၂၂ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် အတွင်းရှိ KIA တပ်မဟာ(၄)စခန်း၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းတစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဧပြီလတွင် **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း(ခ) ကိုစော(ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ) ကောက်ကြီး၊ မင်းမင်းဦး (ခ)သက်ဦးမောင်၊ ဇော်ထက်နှင့် ဇော်ရဲထက်(ခ) သားသား**တို့သည် KIA တပ်မဟာ (၄)စခန်းမှ မန္တလေးမြို့သို့ပြန်လည်ရောက်ရှိနေထိုင်စဉ် **ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ) ကောက်ကြီး**သည် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG မှ တရားခံပြေး **ရည်မွန်**ဦးဆောင်ပြုလုပ်သည့် ZOOM Meeting များတွင် တက်ရောက်ခဲ့ကြောင်း၊ တရားခံပြေး **ရည်မွန်**၏ စေခိုင်းမှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီလတွင် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်၍ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့အား **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ) ကိုစော(ခ)ကိုပြည့်** နှင့် **ချမ်းမြေ့ဦး (ခ)ဘရိတ်ကီ (ခ)ကောက်ကြီး** တို့မှ ခေါင်းဆောင်၍ **ဇော်ထက်၊ ဟိန်းထက်၊ ဇော်ရဲထက်(ခ) သားသား၊ အောင်ထွန်းမင်း(ခ) အော်တို၊ မင်းမင်းဦး(ခ)သက်ဦးမောင်၊ သူရစိုး(ခ)ကျောက်ရုပ်** ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဟိန်းမြတ်မင်း(ခ)ဖိုးသား၊ ဒေးဗစ်၊ ခေါင်းကြီး၊ ဘီလူး၊ ပေါက်ကျော်(ခ)စကုတ်၊ ကျော်ကြီး (ခ)အရှည်ကြီး၊ ထွန်းထွန်း(ခ) ဂျင်းမွှေး၊ မဲကြီး** အပါအဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့က မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တရားခံပြေး **ရည်မွန်**က ပစ္စတိုနှစ်လက်နှင့်၎င်းကျည်တောင့် ၅၀ တို့အား ပေးပို့ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ **ပေါက်ကျော်(ခ) စကုတ်**ထံတွင် သိမ်းဆည်းထားကြောင်း၊ ထို့အပြင် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူရန်အတွက် **ရန်နောင်ဖြိုး**မှ ငွေကျပ် ငါးသိန်း၊ **အောင်ရဲကျော်**မှ ငွေကျပ် ၁၀ သိန်း၊ **ခိုင်ခိုင်အောင်**မှ ငွေကျပ် ၁၀ သိန်း၊ **သူဇာဝေ**မှ ငွေကျပ် သိန်း၂၀ နှင့်ရိက္ခာပစ္စည်းများထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

## ဒလန်ဟုစွပ်စွဲ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ RPGF အမည်ခံ အကြမ်းဖက် အဖွဲ့ခေါင်းဆောင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ) ကိုစော(ခ)ကိုပြည့်**၏ ခိုင်းစေမှုဖြင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှုနှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း–

၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် **ဇော်ထက်၊ ဇော်ရဲထက်(ခ) သားသား၊ အောင်ထွန်းမင်း(ခ) အော်တို**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ပေါက်ကျော် (ခ)စကုတ်၊ ဟိန်းမြတ်မင်း(ခ) ဖိုးသားနှင့် ဒေးဗစ်** တို့သည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ “နှင်းရွှေရည်”လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူ **ဦးကျော်စိုး**အား ဒလန်ဟုစွပ်စွဲကာ ပစ္စတိုဖြင့် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

ဧပြီ ၂၇ ရက်တွင် **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ) ကိုပြည့်** ခေါင်းဆောင်၍ **ဇော်ထက်၊ ဇော်ရဲထက်(ခ) သားသား၊ အောင်ထွန်းမင်း (ခ) အော်တို**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ပေါက်ကျော် (ခ)စကုတ်၊ ထွန်းထွန်း(ခ)ဂျင်းမွှေး** တို့သည် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ကြီးအား လုပ်ကြံသတ်ဖြတ်ရန် သွားရောက်စဉ် နေအိမ်၌ တွေ့ရှိခြင်းမရှိသဖြင့် ၎င်း၏သားဖြစ်သည့် အပြစ်မဲ့ပြည်သူ **ဦးစန်းယုမောင်**အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **သူရစိုး(ခ)ကျောက်ရုပ်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

ထို့အပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့က မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း မိုင်းထောင်ဖောက်ခွဲမှု ကိုးကြိမ် ကျူးလွန်ခဲ့ကြောင်း–


၂၀၂၂ ခုနှစ် ဧပြီ ၁၆ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ) ကိုစော (ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ)ကောက်ကြီး** နှင့် ဖမ်းဆီးရန်ကျန်တရားခံ**ပေါက်ကျော် (ခ)စကုတ်** တို့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် (၆၂) လမ်း၊ (၃၆) လမ်းနှင့် (၃၇) လမ်းကြားရှိ “Space Bar” စားသောက်ဆိုင်ရှေ့၌ လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

မေ ၂၂ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ) ကိုပြည့်၊ ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ (ခ)ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **မဲကြီး**တို့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁) ရပ်ကွက်ရှိ တိုင်းတရားလွှတ်တော်ရုံးရှေ့၌ လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ် ဖောက်ခွဲခဲ့ကြောင်း။

မေ ၂၉ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ)ကိုစော (ခ)ကိုပြည့်၊ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ (ခ)ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ**မဲကြီး**တို့သည် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်ရှိ“JIN CHENG” ဟိုတယ်ရှေ့၌ လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက် ဖောက်ခွဲခဲ့ကြောင်း။

**စာမျက်နှာ ၂၁ သို့** ❖

### မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိမှုအခြေပြဇယား



❖ စာမျက်နှာ ၂၀ မှ

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း (ခ)ကိုစော(ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ) ကောက်ကြီး**နှင့် ဖမ်းဆီးရန် ကျန်တရားခံ **ပေါက်ကျော်(ခ) စကုတ်** တို့သည် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ပုထိုးတော်ကြီးဘုရားရှေ့၌ လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

ဖေဖော်ဝါရီ ၁၀ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ) ကိုစော (ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ)ကောက်ကြီး**နှင့် ဖမ်းဆီးရန် ကျန်တရားခံ **ကျော်ကြီး (ခ)အရှည်ကြီး**တို့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် မန္တလာသီရိဘောလုံးကွင်း အရှေ့ဘက်ရှိ လုံခြုံရေးဂိတ်ကင်းအား လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ဖောက်ခွဲခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးနှင့် အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ဖေဖော်ဝါရီ ၁၇ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ) ကိုစော (ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ) ကောက်ကြီး**တို့သည် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

ဖေဖော်ဝါရီ ၂၁ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ) ကိုစော (ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ)ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကျော်ကြီး (ခ)အရှည်ကြီး**တို့သည် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်း တစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

မတ် ၂၂ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ)ကိုစော (ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ(ခ)ကောက်ကြီး**နှင့် ဖမ်းဆီးရန် ကျန်တရားခံ **ကျော်ကြီး(ခ)အရှည်ကြီး**တို့သည် အမရပူရမြို့နယ်ရှိ ခရိုင်တရားရုံးအား လက်လုပ်မိုင်း တစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ဧပြီ ၁၁ ရက်တွင် **ချမ်းမြေ့ဦး (ခ)ကောက်ကြီး(ခ)ဘရိတ်ကီ၊ ဇော်ထက်၊ ဇော်ရဲထက် (ခ) သားသား၊ အောင်ထွန်းမင်း(ခ) အော်တို**နှင့်ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကျော်ကြီး(ခ) အရှည်ကြီး၊ ဟိန်းမြတ်မင်း(ခ) ဖိုးသား**တို့သည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အားပေးခွဲရုံအား လက်လုပ်မိုင်းနှစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း။

ထို့အပြင် RPGF အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် "အောင်စည်တော်" စစ်ဆင်ရေးအမည်ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ချမ်းအေးသာစံမြို့နယ် (၁၅) လမ်းနှင့် (၆၆) လမ်းထောင့်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာနေ အပြစ်မဲ့ ပြည်သူတစ်ဦးအား လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် အနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား လည်းကောင်း ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရန်နှင့် ချမ်းအေးသာစံမြို့နယ် (၇၈) လမ်းနှင့် (၃၂) လမ်းထောင့်အနီးရှိ ယာဉ်ထိန်းရုံးအား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲရန် စီစဉ်ထားသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုတင်သတင်းလက်ဦးမှုရယူကာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် အချိန်မီတားဆီးကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်မှုကို မလိုလားသော တိုင်းရင်းသားပြည်သူများ၏ သတင်းပေးပို့ချက်များနှင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်မီကြိုးပမ်းဖော်ထုတ်နိုင်မှုများကြောင့် ဖမ်းဆီးရမိခဲ့သော တရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ ယခုကဲ့သို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာ ရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**










၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ် (၁) ရပ်ကွက် မန္တလာသီရိဘောလုံးကွင်း အရှေ့ဘက်ရှိ လုံခြုံရေးဂိတ်ကင်းအား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲမှုကြောင့် ဒဏ်ရာရရှိသူများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်က ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဦးစန်းယုမောင်၏ မှတ်တမ်းဓာတ်ပုံ။







၂၀၂၃ ခုနှစ် မတ် ၂၂ရက်က အမရပူရမြို့နယ်ရှိ ခရိုင်တရားရုံး၌ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးဒဏ်ရာရရှိသူများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်က စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ နှင်းရွှေရည် လက်ဖက်ရည်ဆိုင်၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဦးကျော်စိုး (သေဆုံး)၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဧပြီ ၁၆ ရက်က မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂) ရပ်ကွက် (၆၂) လမ်း၊ (၃၆) လမ်းနှင့် (၃၇) လမ်းကြားရှိ "Space Bar" စားသောက်ဆိုင်ရှေ့၌ လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျော်မင်းထွန်း (မစိုးရိမ်ရ)၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် မေ ၂၉ ရက်က မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် ရပ်ကွက်ရှိ "JIN CHENG" ဟိုတယ်ရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ပုထိုးတော်ကြီးဘုရားရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်က မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် မေ ၂၂ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်ရှိ တိုင်းတရားလွှတ်တော်ရုံးရှေ့၌ လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သည့် မော်တော်ယာဉ် နှစ်စီး၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်က စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အားပေးခွဲရုံ၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# လိုအပ်နေတဲ့ ဆုဖလားတွေကို ရယူပေးနိုင်ခဲ့တဲ့နည်းပြအဖြစ် မှတ်တမ်းတင်ရတော့မယ့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ



၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားရရှိဖို့ ရေပန်းစားနေတဲ့အသင်းနှစ်သင်းကတော့ နည်းပြ ဂွါဒီယိုလာဦးဆောင်တဲ့ မန်စီးတီးအသင်းနဲ့ နည်းပြအာတီတာဦးဆောင်တဲ့ အာဆင်နယ်အသင်းတို့ပဲဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားကို ပြန်လည်ရရှိဖို့နီးစပ်ခဲ့သလို အသင်းကြီးအများစုကိုလည်း အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဖလားရရှိမယ့် မျှော်လင့်ချက်ကတော့ မပြည့်ဝခဲ့ပေ။ မေ ၂၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အာဆင်နယ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် မန်စီးတီးအသင်းက ပရီမီယာလိဂ်ရာသီမသိမ်းမီမှာပဲ ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ် အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းအနေနဲ့ မန်စီးတီးအသင်းကို ချန်ပီယံဖြစ်နိုင်မယ့်အခွင့်အရေးတစ်ရပ် ဖန်တီးပေးခဲ့သလို နော့တင်ဟမ်ဖောရက်စ်အသင်းကိုလည်း ပရီမီယာလိဂ်ပြိုင်ပွဲကနေ တန်းမဆင်းရရေး ကယ်တင်ပေးခဲ့တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ မတ်လကုန်ပိုင်းအထိ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ဧပြီလအတွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပွဲစဉ်လေးပွဲမှာ လိဒ်ယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း လီဗာပူး၊ ဝက်စ်ဟမ်း၊ ဆောက်သမ်တန်တို့နဲ့တွေ့ဆုံခဲ့တဲ့ပွဲစဉ်တွေမှာ သရေတစ်မှတ်သာ ရရှိခဲ့သလို ပရီမီယာလိဂ်ဖလားပြိုင်ဘက်အဖြစ် သတ်မှတ်ခံထားရတဲ့ မန်စီးတီးအသင်းနဲ့ပွဲစဉ်မှာလည်း လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့လို့ ဧပြီလအတွင်းမှာ ရမှတ်အတော်များများ ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။

အခုနောက်ဆုံးယှဉ်ပြိုင်ကစားခဲ့ရတဲ့ ပွဲစဉ်နှစ်ပွဲမှာလည်း ဘရိုက်တန်အသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့သလို နော့တင်ဟမ်ဖောရက်စ်အသင်းကိုလည်း တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာအတွက် ပရီမီယာလိဂ်သုံးနှစ်ဆက် ချန်ပီယံဖြစ်ခွင့်ကို ဖန်တီးပေးခဲ့ခြင်းလို့ပဲ ဆိုရမှာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာကြောင့် ဘောလုံးရာသီသုံးရာသီဆက်တိုက် ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့ပြီဖြစ်သလို နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ဘောလုံးရာသီခြောက်ရာသီအတွင်းမှာ ပရီမီယာလိဂ်ဖလားကို ငါးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဒါ့ပြင် မန်စီးတီးအသင်းဟာ လက်ရှိဘောလုံးရာသီမှာ တစ်ရာသီအတွင်း ဆုဖလားသုံးလုံး ရယူဆွတ်ခူးနိုင်မယ့် အခွင့်အရေးရှိနေပြီး လာမယ့်လအတွင်းမှာ ယှဉ်ပြိုင်ကစားရမယ့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲနဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်တို့မှာ အနိုင်ရရှိခဲ့မယ်ဆိုရင် ၁၉၉၉ ခုနှစ် နောက်ပိုင်း တစ်ရာသီအတွင်း ဖလားသုံးလုံးဆွတ်ခူးနိုင်တဲ့ အင်္ဂလန်အသင်းအဖြစ် မှတ်တမ်းဝင်တော့မှာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲအဖြစ် ဇွန် ၃ ရက်မှာ ဝင်ဘလေကွင်း၌ မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဇွန် ၁၀ ရက်မှာတော့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇွန် ၁၀ ရက်မှာ အစ္စတန်ဘူလ်၌ အီတလီ စီးရေးအေကလပ်အင်တာမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မန်စီးတီးအသင်းအနေနဲ့ ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာကြောင့် အသင်းရဲ့သမိုင်းတစ်လျှောက် ပရီမီယာလိဂ်ဖလားကို ကိုးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ဖလားကို သုံးနှစ်ဆက်တိုက် ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် အင်္ဂလန်ကလပ်အသင်းတွေရဲ့သမိုင်းမှာ သုံးရာသီဆက်တိုက် ပရီမီယာလိဂ်ဖလားရယူနိုင်ခဲ့တဲ့ ငါးသင်းမြောက်အဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အရင်က ပရီမီယာလိဂ်ပြိုင်ပွဲမှာ သုံးရာသီဆက် ချန်ပီယံဖြစ်ခဲ့တဲ့အသင်းတွေကတော့ ဟက်ဒါဖီးလ်တောင်း (၁၉၂၄-၁၉၂၆)၊ အာဆင်နယ်(၁၉၃၃-၁၉၃၅)၊ လီဗာပူး(၁၉၈၂-၁၉၈၄)နဲ့ မန်ယူ (၁၉၉၉-၂၀၀၁၊ ၂၀၀၇-၂၀၀၉)တို့ဖြစ်ပြီး အဲဒီအသင်းတွေထဲမှာ မန်ယူအသင်းကတော့ သုံးရာသီဆက် ပရီမီယာလိဂ်ဖလားကို နှစ်ကြိမ်အထိ ရယူပေးနိုင်ခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာဟာ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါမှာ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်ကလည်း ဘွန်ဒက်လီဂါမှာ အောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။


မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာဟာ တာဝန်ယူကိုင်တွယ်ရတဲ့အသင်းတိုင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ပြီး မန်စီးတီးအသင်းနဲ့အတူ အောင်မြင်မှုအရှိဆုံးလို့ ဆိုရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်အသင်းတွေရဲ့ နည်းပြတွေထဲမှာ အောင်မြင်မှုအရှိဆုံးနည်းပြကို ပြပါဆိုရင် ဂွါဒီယိုလာလို့ ဆိုရမှာဖြစ်ပြီး မန်စီးတီးအသင်းအတွက် လိုအပ်နေတဲ့ ဆုဖလားတွေကို ရယူပေးနိုင်ခဲ့တဲ့ နည်းပြအဖြစ်လည်း မှတ်တမ်းတင်ရတော့မှာလည်း ဖြစ်ပါတယ်။ ■

## ဘောလုံးလောကသတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်စလော့တီဟာ စပါးအသင်းမှ အသက် ၂၆ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး ရစ်ချာလီဆန်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ အသင်းဥက္ကဋ္ဌဖြစ်တဲ့ ဖလော်ရန်တီနိုပီရက်ဇ်ကို တောင်းဆိုထားတယ်လို့ သိရပါတယ်။
- ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်စ်ဟာ အခုဘောလုံးရာသီကုန်မှာ ဝက်စ်ဟမ်းအသင်းနည်းပြအဖြစ်မှ နုတ်ထွက်တော့မှာ ဖြစ်တယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်း၊လီဗာပူးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၈ နှစ်အရွယ်ရှိ ဂျာမနီကွင်းလယ်ကစားသမား ကင်မစ်ရှ်ကို နွေရာသီဈေးကွက်အတွင်းမှာ စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ အသက် ၃၂ နှစ်အရွယ်ရှိ ဂျာမနီကွင်းလယ်ကစားသမား ဂန်ဒိုဂန်ကို ၂၀၂၄ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုသွားရေး ကမ်းလှမ်းသွားမှာဖြစ်တယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်း၊ မန်စီးတီးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ဟာ အာဆင်နယ်အသင်းမှ စကော့တလန်နောက်တန်းကစားသမား ကီယန်တီယာနေးကိုခေါ်ယူဖို့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# လီဗာပူးအသင်းဂိုးသမား အဲလစ်ဆင်ကို ကျော်ဖြတ်ကာ မန်ယူဂိုးသမား ဒီဂီယာ ပရီမီယာလိဂ်ရွှေလက်အိတ်ဆုဆွတ်ခူး




မန်ယူအသင်းဂိုးသမား ဒီဂီယာဟာ ယခုဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ရွှေလက်အိတ်ဆုကို လက်ကျန်ပွဲစဉ် နှစ်ပွဲမကစားရမီမှာပဲ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

စပိန်ဂိုးသမား ဒီဂီယာဟာ အခုဘောလုံးရာသီမှာ ပရီမီယာလိဂ် ၁၆ ပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပေးဂိုးစုစုပေါင်း ၄၁ ဂိုးသာရှိခဲ့တာဖြစ်ပါတယ်။ အခုဘောလုံးရာသီမှာ ဂိုးမပေးရအောင် စွမ်းဆောင်ခဲ့တဲ့ ဒုတိယမြောက် ကစားသမားကတော့ လီဗာပူးအသင်းကစားသမား အဲလစ်ဆင်ဖြစ်ပြီး အဲလစ်ဆင်ဟာ ၁၄ ပွဲအထိ ပေးဂိုးမရှိစွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ နယူးကာဆယ်အသင်းဂိုးသမား နစ်ပုပ်နဲ့ အာဆင်နယ်အသင်းဂိုးသမား အာရွန်ရွမ်စဒဲလ်တို့က ပရီမီယာလိဂ် ၁၃ ပွဲစီ ပေးဂိုးမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းဂိုးသမား အီဒါဆန်ကတော့ ၁၁ ပွဲအထိ ပေးဂိုးမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းနဲ့အတူ အခုဘောလုံးရာသီမှာ ပရီမီယာလိဂ် ရွှေလက်အိတ်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ဂိုးသမားဒီဂီယာဟာ အခုနှစ်နွေရာသီ ဈေးကွက်အတွင်းမှာ အိုးထရက်ဖို့ဒ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာလည်း ဖြစ်ပါတယ်။

## ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်းရှိ လုပ်ကိုင်ခွင့်ရရှိသူများအား အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ တာဝန်ယူသည့် ၁၉၉၉ ခုနှစ်တွင် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ကို စတင်အကောင်အထည်ဖော်ခဲ့ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လိုသူ စုစုပေါင်း (၁၁၉၁)ဦးအား လုပ်ကိုင်ခွင့်ပြုခဲ့ရာ တစ်ဦးချင်းကို အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီမှ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ ထုတ်ပေးဆောင်ရွက်စေခဲ့ပါသည်။

၂။ သို့ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် မြေပြင်တွင် အပြည့်အဝ အကောင်အထည်ဖော် စိုက်ပျိုးမွေးမြူခြင်းမရှိသေးသည့်အတွက် ဇုန်အနီးကပ် ကြီးကြပ်ရေးကော်မတီများမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်နေသူများတွင် အချို့သည် မူလလုပ်ကိုင်ခွင့်ပြုထားသူများ ဖြစ်သော်လည်း အချို့သည် ယခင်လုပ်ကိုင်ခွင့်ရရှိထားသူများထံမှ ဝယ်ယူ/လက်လွှဲရယူထားသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။

၃။ ဇုန်ကြီးကြပ်ရေးကော်မတီအနေဖြင့် မြေပြင်တွင် အမှန်တကယ်စိုက်ပျိုးနေသူများကိုသာ လုပ်ကိုင်ခွင့်လက်မှတ်များ ထုတ်ပေးဆောင်ရွက်မည်ဖြစ်၍ အောက်ပါအတိုင်းဆောင်ရွက်ကြရန် ထပ်မံအသိပေးကြေညာအပ်ပါသည်–

(က) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသူများသည် မူလခွင့်ပြုမိန့် အထောက်အထား စာရွက်စာတမ်းနှင့်အတူ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် လုပ်ငန်းကော်မတီသို့ (၂၃-၆-၂၀၂၃)ရက်နေ့ နောက်ဆုံးထားကာ ကွင်းဆင်းစစ်ဆေးမှုခံယူရန်နှင့် အခြားသူတစ်ဦးသို့ လက်လွှဲရောင်းချထားပါကလည်း ရောင်းချထားသည့် စာရွက်စာတမ်းအထောက်အထား တစ်ပါတည်း ယူဆောင်တင်ပြရမည်ဖြစ်ပါသည်။

(ခ) အလားတူ မူလလုပ်ကိုင်ခွင့်ရထားသူထံမှ ဝယ်ယူ/လက်လွှဲရယူထားသူသည် ဝယ်ယူထားသည့် အထောက်အထားစာရွက်စာတမ်းများ တစ်ပါတည်းယူဆောင်၍ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီသို့ (၂၃-၆-၂၀၂၃)ရက်နေ့ နောက်ဆုံးထား လာရောက်ဆက်သွယ်စစ်ဆေးမှုခံယူရန်နှင့် အထောက်အထားအပြည့်အစုံပါရှိပါက ဆက်လက် စိုက်ပျိုး၊ မွေးမြူခွင့် ရရှိရေးဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

၄။ ထိုသို့ကြေညာထားပြီးဖြစ်သော်လည်း သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်နိုင်ခြင်း၊ အထောက်အထားစာရွက်စာတမ်းဖြင့် တင်ပြစိစစ်မှုခံယူခြင်းမပြုပါက လုပ်ကိုင်ခွင့်များအား ပြန်လည်ရုတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီ
ဆက်သွယ်ရန်ဖုန်းနံပါတ် အတွင်းရေးမှူး – ၀၉ ၅၃၁၂၅၉၅
အထူးဇုန် (၁) – ၀၉ ၅၁၄၄၈၃၈၊ အထူးဇုန် (၂) – ၀၉ ၈၈၇၈၇၈၈၇၇၊ အထူးဇုန် (၃) – ၀၉ ၂၅၆၃၂၁၁၃၁၊




**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော် အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ မေ ၁၉ ရက်တွင် မြောက်ဦးမြို့နယ်အတွင်း ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်သောင်းထိုက်ရွှေ သည် တာဝန်ရှိသူများနှင့် အတူ မြောက်ဦးမြို့နယ် အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အအုံများသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဘုန်းတော်ကြီးကျောင်းများ အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ လှူဒါန်းသည့် ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရသေ့တောင်မြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်း သည် တာဝန်ရှိသူများနှင့် အတူ ရသေ့တောင်မြို့ အတွင်း ကူညီကယ်ဆယ်ရေး အဖွဲ့များက လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည် ပြုပြင်ဆောင်ရွက်ပေးနေမှု၊ အခြေခံပညာကျောင်းများ ကျောင်းဖွင့်ချိန် အမီ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်နေမှု၊ လေဘေးသင့်ပြည်သူများအား သောက်သုံးရေ၊ အဝတ်အထည်နှင့် စားသောက် ဖွယ်ရာများ ထောက်ပံ့ ပေးမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်(ရေ)နှင့် တပ်မတော်(လေ) တို့မှ သင်တန်းသား သင်တန်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိလေ့လာ



နေပြည်တော် မေ ၂၁

နေပြည်တော်သို့ ရောက်ရှိနေသည့် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ တာဝန်ရှိသူများ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။ အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်များ ဆက်လက် သွားရောက်မည်ဖြစ်သည်။

အလားတူ တပ်မတော်(လေ)မှ အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား သင်တန်းသူများသည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်(လေ)မှ သင်တန်းသား သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာသို့ သွားရောက်လေ့လာရာ နျူကလီးယား နည်းပညာ သတင်းအချက်အလက် စင်တာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများသည် ဓာတ်ရောင်ခြည်ပေးနည်းပညာဖြင့် အစားအစာနှင့်စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးများအားမြှင့်တင်ပေးခြင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်စွမ်းအား ထုတ်လုပ်ခြင်း၊ နျူကလီးယား နည်းပညာအသုံးပြု၍ သဘာဝပတ်ဝန်းကျင် ဓာတ်ရောင်ခြည် စောင့်ကြည့်တိုင်းတာခြင်း၊ အိုင်ဆိုတုပ်နည်းပညာအသုံးပြု မြေအောက်ရေ အရင်းအမြစ်များ စီမံခန့်ခွဲရေးဆိုင်ရာ သုတေသနလုပ်ငန်း၊ ရှေးဟောင်းအမွေအနှစ်များအား နျူကလီးယားနည်းပညာများအသုံးပြု၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် နျူကလီးယား နည်းစနစ်ကို အသုံးပြု၍ ရောဂါရှာဖွေကုသခြင်း၊ နျူကလီးယား ဓာတ်ရောင်ခြည်ကို အသုံးပြု၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ နျူကလီးယားနည်းပညာကို စက်မှုကဏ္ဍတွင် အသုံးချခြင်း စသည့် ပိုစတာများ၊ နမူနာပစ္စည်းပြခန်း၊ ဝန်ကြီးဌာနနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များကိုပြသသည့် Video Hall များကို လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁၃၅၉+၁၃၆၀)ဟုခေါ်တွင်သော-မြေတိုင်းရပ်ကွက်အမှတ်-၄/၆(ပ)၊ မြေကွက်အမှတ်(၁၃၅၉+၁၃၆၀)၊ ဧရိယာ(၀. ၀၆၈)ဧကရှိ ဒေါ်အမွေး(ခ) ဒေါ်တင်တင်မွေးအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ တစ်ဆင့် အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးစိုင်းစိုင်း(၁၃/ကဟန(နိုင်)၀၁၃၁၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာလာဆွေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)**
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၆၃၅)၊ မြေအကျယ်အဝန်း (၄၂ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၈)ဧက၊ (၂၅၂၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးစိုင်းစိုင်း [၁၃/မတန(နိုင်)၀၁၉၈၆၀]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ဇာဇာမြင့် [၁/ဗမန(နိုင်)၀၅၀၃၃၁]**သည် **“နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်”**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်–၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

ညအချိန်
အိပ်နေ
ချိန်တွင်
လျှပ်စစ်
မီးများ
ပိတ်ထားခြင်း
ဖြင့်
လျှပ်စစ်ကို
နေ့စဉ်
ချွေတာ
သင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်–၂၊ (၃) ရပ်ကွက်၊ မင်းရဲကျော်စွာ(၉)လမ်း၊ အိမ်အမှတ်–၃၁၈ ဟုခေါ်တွင်သော မြေအကျယ်(၁၀x၆၀)ပေ (ရေ၊ မီး၊ စုံ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဦးညဏ်ထွန်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေကိုငင်း၏သမီးဖြစ်သူ ဒေါ်လှလှမြင့်ထံမှ ဒေါ်အေးအေးနှင်း၊ ၎င်းထံမှ ယခုရောင်းချသူများဖြစ်သော ဦးဝင်းမြင့်၊ ဒေါ်ခင်သက်ဝေမှ ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မိမိတို့သာ တရားဝင်လက်ရှိပိုင်ဆိုင်၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/ရပသ(နိုင်)၀၄၁၃၅၅]၏ ကိုယ်စားငင်း၏ညီမဖြစ်သူ ဒေါ်နှင်းသီတာခိုင်[၁၂/ရပသ(နိုင်)၀၈၉၇၉၄]အား လက်မှတ်ရေးထိုး၍ အပြီးအပိုင်ဝယ်ယူရန် (၁၈–၅–၂၀၂၃)ရက်နေ့က တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်မြေတို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့ဝင်း၏ကိုယ်စား လက်မှတ်ရေးထိုးဝယ်ယူပေးသူ**
**ဒေါ်နှင်းသီတာခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မျိုးမဥ္ဇူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၄၄၀/၁၉)**
**ကုန်းတလိကျေးရွာ၊ ထန်းတပင်မြို့နယ်။**
**ဆက်သွယ်ရန် ဖုန်း–၀၉–၂၅၀၈၆၇၇၆၄**

## ဦးသိန်းထွန်း [၁၂/ဗဟန(နိုင်)၀၇၄၃၉၄] နှင့် အများသိစေရန်ကြေညာချက်

(၁၇–၅–၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဦးသိန်းထွန်း [၁၂/ဗဟန(နိုင်)၀၇၄၃၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရဟု အဆိုရှိသော ကန့်ကွက်ကြေညာချက်ကို Nile Industries Co.,Ltd ကုမ္ပဏီက ဖတ်ရှုရပြီး ထိုကြေညာချက်တွင် ဖော်ပြပါရှိသော ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယံအခန်းအမှတ် (7–C) (4–C) (6–C) (8–C) တိုက်ခန်းများနှင့်ပတ်သက်၍ မမှန်မကန် ဖော်ပြထားချက်များပါဝင်မှုကြောင့် Nile Industries Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြေရှင်းအပ်သည်မှာ အထက်ဖော်ပြပါ တိုက်ခန်း (၄)ခန်းသည် ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယံအဆောက်အဦကို တရားဝင်စီမံခန့်ခွဲနေသော Nile Industries Co.,Ltd ကသာ ပိုင်ဆိုင်ပြီး ထိုကုမ္ပဏီ၏လက်ထက်အစဉ်တစိုက်ရှိနေခဲ့သော တိုက်ခန်းများသာ ဖြစ်ပါသည်။ ၂၀၁၄–ခုနှစ်တွင် ဦးသန့်စင် [၁၂/မရက(နိုင်) ၁၄၅၂၈၅]ဆိုသူက ထိုတိုက်ခန်း (၄) ခန်းကို ဝယ်ယူရန် ကုမ္ပဏီနှင့် (၁၈–၂–၂၀၁၄) ရက်စွဲပါ စရန်ပေးစာချုပ်ကို လာရောက်ချုပ်ဆိုခဲ့ဖူးသော်လည်း ကျန်ငွေကို အကျေပေးချေနိုင်မှုမရှိသဖြင့် စရန်ငွေဆုံးရှုံးပြီး အရောင်းအဝယ် မဖြစ်မြောက်ခဲ့ပါ။ Nile Industries Co.,Ltd ကသာ မူလအတိုင်း ပိုင်ဆိုင်မြဲဖြစ်ပါသည်။ ထိုတိုက်ခန်း (၄)ခန်းကို ပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာမျှမရှိသော ဦးသန့်စင်ထံမှ ဝယ်ယူခဲ့ပါသည်ဟု အဆိုရှိသည့် ဖော်ပြပါ ဦးသိန်းထွန်းဆိုသူကို Nile Industries Co.,Ltd မှ တစ်စုံတစ်ရာမျှ အသိအမှတ်ပြုမှုလည်းမရှိပါ။ ပန်းဘဲတန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးသိန်းထွန်း၏ အခြေအမြစ်မရှိသော တိုင်ကြားစာကိုလည်း ကုမ္ပဏီမှ ဖြေရှင်းပြီးဖြစ်ပါသည်။

သို့ပါလျက် ကုမ္ပဏီပိုင် အထက်ဖော်ပြပါ အခန်း (၄) ခန်းနှင့်ပတ်သက်ပြီး ကုမ္ပဏီ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် ကြေးမုံသတင်းစာမှ မမှန်ကန်သော ကြေညာချက်ကို ထည့်သွင်းသူ ဦးသိန်းထွန်းသည် အဆိုပါ ကြေညာချက်ကို (၂၈–၅–၂၀၂၃)ရက် နောက်ဆုံးထား၍ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် တောင်းပန်ကြောင်းဖော်ပြ၍ ကြေးမုံသတင်းစာတွင် ပြန်လည်ထည့်သွင်းပေးပါရန် တောင်းဆိုပါသည်။ ကန့်သတ်ရက်ကျော်လွန်သည့်တိုင်အောင် တောင်းဆိုမှုကို မလိုက်နာပါက ကုမ္ပဏီ၏ နစ်နာမှုအရပ်ရပ်အတွက် ဥပဒေအရ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်စိုး (ဖြူး) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၀၆/၁၉–၁၂–၁၉၉၅)**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၀၁၆၀၀၇၈၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (ဘုရင့်နောင်)၊မြေကွက်အမှတ် (ည/၃၁-ဘီ)၊ဧရိယာ (၀.၀၂၇၅) ဧကရှိ ဦးကြည်ဝင်း (၁၄/မမန(နိုင်)၀၀၆၈၆၃) အမည်ပေါက် သက်ကုန်မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(ည/၃၁-ဘီ)၊ အာသောကလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ပွဲရုံအဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်သူများ ဖြစ်ကြသော ဒေါ်နွယ်နွယ်စိုး (၁၄/မမန(နိုင်)၀၀၃၁၁၅)၊ ဦးဇော်မင်း(ခ)မင်းထွဋ်အောင် (၁၄/မမန(နိုင်)၁၄၂၅၉၂)၊ ဒေါ်နွယ်နွယ်ဝင်း(၁၄/မမန(နိုင်)၁၄၂၅၈၈)၊ ဦးမင်းမင်းထွန်း(၁၄/မမန(နိုင်)၁၅၂၇၉၁)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၂၀.၅.၂၀၂၃)ရက် နေ့တွင် ရောင်းဘိုးငွေ၏ တစ်-စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ် ပြီး ဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား မူရင်းများ ယူဆောင်၍ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ရို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ (၁/န)၊ ရိပ်သာရပ်ကွက်၊ မေဃဝတီ(၁၂)လမ်းနေ ဦးစိုးနောင် [၁၂/လကန(နိုင်)၁၃၉၁၁၇] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ (၁/န)၊ ရိပ်သာရပ်ကွက်၊ မေဃဝတီ(၁၂)လမ်း၊ ကွင်းအမှတ်(၁၀၄၀)၊ ကွင်းအမည်–ဆပ်သွားကျွန်းကွင်း၊ ဦးပိုင်အမှတ်(ယခင် ၆/၃)၊ (၆/၂)၊ (ယခု ၂၄/၁၀)၊ မြေလုပ်ကိုင်သူအမည် ဦးဝင်းအောင် အမည်ပေါက် အရှေ့လားသော်–လှည်းကူးမြို့နယ်မြို့ကွက်တိုးချဲ့ တည်ဆောက်ရေးအဖွဲ့မှ ချထားပေးသော မြေကွက်အမှတ် (၇၇၅)၊ (၇၇၆)၊ (၇၇၇)၊ (၇၇၈)၊ (၇၇၉)၊ (၇၈၀)မြေကွက်များ၊ အနောက်လားသော်–ဦးသောင်းအေး၏မြေကွက်၊ တောင်လားသော်–ခိုင်ရွှေဝါ (၁၂)လမ်း၊ မြောက်လားသော်–ရှုစမ်းပါဘုန်းတော်ကြီးကျောင်းလမ်း အဆိုပါအလားလေးရပ်အတွင်းရှိ (၂၈၀x၇၀)ပေရှိ မြေကွက်အား ဦးဝင်းအောင် အမည်ဖြင့် ဝယ်ယူလက်ရှိထားသူ ဦးစိုးနောင်မှ တရားဝင်အမည်ပြောင်းလျှောက်ထားရာတွင် လည်းကောင်း၊ လွှဲပြောင်းရောင်းချရာတွင်လည်းကောင်း ကန့်ကွက်လိုသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လှည်းကူးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ အဆိုပါမြေနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည် အဆိုရှိသည့် မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း ပိုင်ဆိုင်မှုမှတ်တမ်းစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိက အမည်ပြောင်းလျှောက်ထား လွှဲပြောင်းရောင်းချရာတွင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးနောင်၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးမျိုးမင်းထွန်း LL.B** | **ဒေါ်သွဲ့သွဲ့အေး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၂၅)** | **အထက်တန်းရှေ့နေ(စဉ်–၃၄၇၄၁)** |

**အမှတ်(၃၉၆)၊ ပြည်တော်သာ(၆)လမ်း၊ ပြည်တော်သာရပ်ကွက်၊**
**လှည်းကူးမြို့။ ဖုန်း–၀၉–၄၂၀၁၂၆၈၉၃၊ ၀၉–၉၇၄၁၂၂၀၉၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ အောင်ချမ်းသာတိုးချဲ့၊ အမှတ်(၂၀၉)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်မြေအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ကျော်သန်း[၁၂/လမတ(နိုင်)၀၀၀၅၀၄]က ၎င်းတရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၇၂၄၁)**
**အမှတ်(၉၄)၊ ဗန္ဓုလလမ်း၊ (၂၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၄၈၀၃၇၃၊ ၀၉–၇၈၄၄၈၀၃၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၈/၈၃)ဟုခေါ်တွင်သော အကျယ်အဝန်း(၃၄ ၁/၂ x၁၂၂) ပေရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိသူ ဒေါ်သီတာစိုးထွဋ် [၁၂/ဗဟန(နိုင်) ၀၂၄၁၂၉] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးရဲဝင်းကြည်[၈/ပခက(နိုင်)၁၄၉၉၂၁]ကိုင်ဆောင်သူက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးစိမ်းသစ်လူ(LL.B)** | **ဒေါ်ခင်သန္တာလွင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၁၉)** | **အထက်တန်းရှေ့နေ(စဉ်–၄၅၄၆၀)** |

**အမှတ်–၇၊ မာလာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၅၅၈၆၇၈၈၊ ၀၉–၄၄၈၈၁၁၇၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်–၅၃၂/C ခ၊ မြေကွက်အမှတ်–၁/၈၂(ခ)၊ အကျယ်အဝန်း(၄၇ပေx၈၆ပေ)၊ ဧရိယာ–၀.၀၉၂ ဧကရှိ ဂရန်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃၀၀)စတုရန်းပေရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဆိုင်းနှင်[၁၃/နစန(နိုင်)၀၁၆၅၀၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ယုံလျှန်း[၁၃/တယန(နိုင်)၀၁၅၂၉၃]က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုံလျှန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇော်ဝင်းလှိုင် (LL.B)** | **ဒေါ်စန္ဒာလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၂၇)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၀၇၄)** |

**ရုံးခန်း–အမှတ်(၂၇)၊ ပထမထပ်၊ ဓေယျာသီရိလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၇၃၆၁၉၊ ၀၉–၇၇၆၃၈၈၇၉၉**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ အမှတ်–(၇၀၁)၊ မြေတိုင်းရပ်ကွက်အမှတ်–(၈၅)၊ မြေကွက်အမှတ်–(၇၀၁)၊ အကျယ်အဝန်း(အလျား၄၀ပေ x အနံ၆၀ပေ)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျော်လှိုင် အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များအရ ဝယ်ယူထားသူ ဦးရဲနောင်ဟိန်း [၁၂/ဥကမ(နိုင်) ၁၄၆၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၅၈)**
**အမှတ်–၅၀၊ ပထမထပ်၊ အခန်းအမှတ်(A–1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၆၄၆၆၇**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၃)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၆၄၄)ဟုခေါ်တွင်သော (အလျား၄၀ပေ x အနံ၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်တင်မေဝင်း အမည်ပေါက် မှတ်သားတည်ရှိသည့် ပါမစ်(မူရင်း) မြေကွက်ကို ယခုလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်စိုး [၁၂/အလန(နိုင်)၀၁၁၂၄၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်ဦး [၁၂/ဒဂရ(နိုင်)၀၀၂၆၂၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ မည်သူမဆို (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ –**
**ဒေါ်အေးစုကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၆)**
**ဖုန်း–၀၉–၄၃၁၇၁၆၅၉**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ Shwe Zabbu River View Condo၊ ကမ်းနားလမ်း၊ အမှတ်–တိုက်အမှတ်(A)၊ အခန်းအမှတ်(၇၀၃)နေ ဦးကျော်မင်းညို [၁၂/ဗဟန(နိုင်)၀၈၅၁၆၇]ကိုင်ဆောင်သူနှင့် ဒေါ်နီလာဟိန်း[၁၂/လမတ(နိုင်)၀၀၂၉၁၆] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အနောက်ဈေးဟောင်းလမ်း၊ အမှတ်(၃၅)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅စီဂျီ)၊ မြေကွက်အမှတ်(၃၇၂)၊ ဧရိယာ(၈၀၀) စတုရန်းပေ၊ နှစ်(၆၀)ဂရန် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မြေညီအပါ (၆)ထပ်တိုက်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်မင်းညို အမည်ပေါက်ပိုင်ဆိုင် လက်ရှိအကျိုးခံစားစီမံခန့်ခွဲလျက်ရှိသော အဆောက်အအုံဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံသည် ကျွန်ုပ်မိတ်ဆွေ ဦးကျော်မင်းညို၊ ဇနီးဖြစ်သူ ဒေါ်နီလာဟိန်း၊ သမီး မအိမ့်ဝတီမင်း၊ သားဖြစ်သူ မောင်တိုးဝေယံမင်းတို့ မိသားစုဝင်(၄)ဦးသာလျှင် အဆိုပါမြေပေါ်ရှိ တိုက်ခန်းများအား ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ငှားရမ်းခွင့် စသည့်ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ခွင့်ရှိပါသည်။

